ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်၊ အင်္ဂါနေ့ (30-6-2015) (၈၂၄၇)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတ တွေ့ဆုံဆွေးနွေး

**အူလန်ဘာတာ ဇွန် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မွန်ဂိုလီးယားနိုင်ငံ သမ္မတ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် အူလန်ဘာတာမြို့ရှိ Chiggis ရင်ပြင်၌ ကျင်းပသည်။

**ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး**

ဂုဏ်ပြုကြိုဆိုပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့သည် State Palace ၌ သီးသန့်တွေ့ဆုံဆွေးနွေးကြသည်။**(ယာပုံ)**

ထို့နောက် မြန်မာ-မွန်ဂိုလီးယား နှစ်နိုင်ငံတွေ့ဆုံပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မွန်ဂိုလီးယားနိုင်ငံသမ္မတနှင့်အတူ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

ဆက်လက်၍ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့ ရှေ့မှောက်၌

**စာမျက်နှာ ၄ ကော်လံ ၅ သို့ ☆**



## ဒီမိုကရေစီဖော်ဆောင်ရေးနှင့် လူမှုစီးပွားပြုပြင်ပြောင်းလဲရေးကြိုးပမ်းအားထုတ်မှုများတွင် ဆက်လက်အားပေးထောက်ပံ့သွားရန်အသင့်ရှိ

အူလန်ဘာတာ ဇွန် ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား ပူးတွဲကြေညာချက်တစ်ရပ်ကို ဇွန် ၂၉ ရက်တွင် အူလန်ဘာတာမြို့၌ ထုတ်ပြန်ခဲ့သည်။**

**အဆိုပါကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား ပူးတွဲကြေညာချက် (အူလန်ဘာတာမြို့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်၏ ဖိတ်ကြားချက်အရ ၂၀၁၅ ခုနှစ် ဇွန်လ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ မွန်ဂိုလီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ် လာရောက်ခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျနှင့် ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

နှစ်နိုင်ငံသမ္မတများသည် ရင်းနှီးဖော်ရွေစွာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံဆက်ဆံရေး တည်တံ့ခိုင်မြဲရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့တွင် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ပြီးခဲ့သည့်နှစ်များအတွင်း အဆင့်မြင့်အရာရှိကြီးများအဆင့်တွင် အပြန်အလှန်လည်ပတ်မှုများသည် နှစ်နိုင်ငံအကြားရှိ ပူးပေါင်းဆောင်ရွက်မှုများကို သိသာထင်ရှားစွာ အရှိန်မြှင့်တင်နိုင်ခဲ့ခြင်းအား နှစ်နိုင်ငံခေါင်းဆောင်များက အသိအမှတ်ပြုခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ မွန်ဂိုလီးယားနိုင်ငံသို့ ပထမဦးဆုံးအကြိမ်လာရောက်သည့် သမိုင်းဝင်ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကိုသာမက နှစ်ဖက်ပြည်သူများအကြား အပြန်အလှန်ထိတွေ့ဆက်ဆံမှုများ ပိုမိုနက်ရှိုင်းလာစေရေးအတွက် တွန်းအားတစ်ခုဖြစ်သည်ဟု သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျက အလေးထားပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတွင်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် ပုံမှန်ဆက်လက်တိုးတက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုနယ်ပယ်များတွင် သိသာထင်ရှားသော အောင်မြင်မှုများ ရရှိနေသည့်အပေါ် မွန်ဂိုလီးယားနိုင်ငံအနေဖြင့် အသိအမှတ်ပြုခဲ့သည်။ ဒီမိုကရေစီ၊ ပွင့်လင်းသည့်လူ့အဖွဲ့အစည်းနှင့် လူ့အခွင့်အရေးကိစ္စများတွင် နှစ်နိုင်ငံစလုံးအနေဖြင့် အလေးထားဖော်ဆောင်လျက်ရှိမှုကို မွန်ဂိုလီးယားသမ္မတက မှတ်သားပြီး မွန်ဂိုလီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် လူမှုစီးပွားပြုပြင်ပြောင်းလဲရေးကြိုးပမ်းအားထုတ်မှုများတွင် ဆက်လက်အားပေးထောက်ပံ့သွားရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံအနေဖြင့် ၎င်း၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ပြောင်းလဲမှုကာလများအတွင်း တွေ့ကြုံခဲ့ရသည့်အတွေ့အကြုံများနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



**ကြေးမုံ စာတည်းရှုထောင့်** ၃၀-၆-၂၀၁၅၊ အင်္ဂါနေ့

# သဘာဝဘေးကြိုတင်သတိပြု

သဘာဝဘေးအန္တရာယ်ကို မကြုံခင်က ကြိုတင်သတိပြုဖို့ လိုအပ်ပါသည်။ ထိုသို့သတိပြုနိုင်ရန်အတွက် ကြိုတင်သိရှိနိုင်သည့်အချက်မှာ မိုးလေဝသ သတင်းများကို သတိပြုစောင့်ကြည့် မှတ်သားခြင်းဖြစ်ပါသည်။ မိုးလေဝသ သတင်းများကို ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများမှ နေ့စဉ်ဖော်ပြသတိပေးလျက်ရှိပါသည်။

လာမည့်ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မိုးကြီးမည်၊ တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ပေါ်နိုင်၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းရှိနေသည် စသည်ဖြင့် မိုးလေဝသ အထူးသတိပေးချက်များမှာ မဖြစ်ခင်က ကြိုတင်သိထားဆင်ခြင်နေထိုင်နိုင်သည့် နှိုးဆော်ချက်များဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မိုးလေဝသ သတင်းများ ထုတ်ပြန်ခဲ့ပြီးနောက် အသိပေးထားသည့်ရက်များတွင်ပင် မြန်မာနိုင်ငံတစ်ဝန်း၌ မိုးရွာသွန်းမှုများ မြင့်တက်လာသည်ကို တွေ့ရသည်။ အချို့ဒေသများတွင် ရေကြီး၊ ရေလျှံမှုများ၊ မြေပြိုမှုများ၊ တစ်မြို့နယ်လုံး ရေဘေးအန္တရာယ်များ ကြုံတွေ့လာရပါသည်။ အချို့ဒေသများတွင် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်နစ်နာမှုများရှိလာပါသည်။

အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ရေကြီးမှုဘေးဒဏ်ကို အများဆုံးကြုံတွေ့ခဲ့ရပြီး တောင်ကမ်းပါးများ ပြိုကျခြင်း၊ လမ်းမကြီးများ ပြိုပျက်နိမ့်ဆင်းပြတ်ရွေ့ခြင်း၊ လမ်းများရေကျော်ခြင်း စသည်တို့ကြုံတွေ့ခဲ့ရာ ဒေသတွင်းလမ်းပန်းဆက်သွယ်မှုများ ခေတ္တပြတ်တောက်ခဲ့သည်ကို မြင်တွေ့ရပါသည်။ ထိုသို့ဖြစ်ပေါ်ခြင်းကြောင့် ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှုများ အဟန့်အတားဖြစ်စေခဲ့ပါသည်။

ထို့အပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသော ဒေသခံပြည်သူအများစုအတွက် မိမိတို့စိုက်ပျိုးထားသော သီးနှံပင်များနှင့် ကုန်စည်များအတွက်လည်း ထိခိုက်ဆုံးရှုံးမှုများ အနည်းနှင့်အများဖြစ်ပေါ်စေမည်မှာ အမှန်ဖြစ်ပါသည်။ ထိုသို့ဖြစ်ပေါ်သောအခါ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များက အရေးပေါ်ကူညီမှုများကို ချက်ခြင်းဆောင်ရွက်ပေးကြသည်ကိုလည်း တွေ့ရပါသည်။

မည်သို့ပင်ဖြစ်စေ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မျှော်မှန်းရခက်ခဲသော ကိစ္စဖြစ်သောကြောင့် မဖြစ်ခင်က ကြိုတင်ဆောင်ရွက်ခြင်း၊ ဖြစ်ပေါ်လာသောအခါ ဆောင်ရွက်ခြင်းနှင့် ဖြစ်ပွားပြီးသောအခါ ဆောင်ရွက်ခြင်းတို့ကို အလျင်အမြန်ပြုလုပ်ပေးကြရမည်ဖြစ်သည်။ မဖြစ်ခင်၊ ဖြစ်ဆဲ၊ ဖြစ်ပြီးကာလသုံးပါးအနက် မဖြစ်ခင်ကကြိုတင်ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ကို ကြိုတင်အသိပေးထားပြီးဖြစ်၍ ဖြစ်ပေါ်နိုင်သောနေရာများ၊ ထိခိုက်မှုရှိနိုင်သောဒေသများတွင် အန္တရာယ်မကျရောက်မီ ကြိုတင်အစီအမံများကို အလျင်အမြန်ပြုလုပ်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ထားသောကြောင့် သဘာဝဘေးအန္တရာယ်ကို မလွန်ဆန်နိုင်သော်လည်း ပျက်စီးထိခိုက်ဆုံးရှုံးမှု နည်းပါးသွားနိုင်ပါသည်။

နိုင်ငံတကာတွင် သဘာဝဘေးအန္တရာယ်များကို ဆိုးရွားစွာကြုံတွေ့ခဲ့ရသော နိုင်ငံများရှိပါသည်။ ထိုသို့ ကြုံတွေ့ရသော်လည်း ကြိုတင်စီမံမှုအားကောင်းသဖြင့် မည်မျှပင်ကြီးမားသော အန္တရာယ်ပင်ဖြစ်သော်လည်း သဘာဝဘေးကို ကျော်လွှားနိုင်ကာ ထိခိုက်ဆုံးရှုံးမှုနည်းပါးသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် ယခုကာလ၌ မုတ်သုံလေ ဆက်လက်အားကောင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားပြီး အချို့ဒေသများအတွက် မြစ်ရေကြီးမှုအခြေအနေများကို အသိပေးထား ရာ ထိုဒေသများအတွက် မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်ရေးနှင့် ထိခိုက်မှုသက်သာရေးအစီအမံများကို ဆောင်ရွက်ထားကြရမည်ဖြစ်ပါသည်။

အထူးသတိပြုရမည့်အချက်မှာ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် သဘာဝဘေးထိခိုက်နိုင်သောနေရာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြင်ဆင်ဆောင်ရွက်ထားဖို့ လိုအပ်မည်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်အား အထူးသတိပြုကြရမည်ဖြစ်သလို ထိုကာလအတွင်း ကြုံတွေ့နိုင်သော အန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ထားခြင်းဖြင့် ပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးခြင်းမြောက်မည်ဖြစ်ပါသည်။ ။

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆုချီးမြှင့် သိမ်းဆည်းရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး

**တောင်ကြီး ဇွန် ၂၉**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာ စကားပြောကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဥက္ကဋ္ဌ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်အောင်က ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲတွင် ဆုရရှိသူ ကျောင်းသားကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့က ဆုများကို ချီးမြှင့်ပေးကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနား ဒုတိယပိုင်းတွင် သိမ်းဆည်းရမိမူးယစ်ဆေးဝါးနှင့် ဓာတုဆေးရည်များ မီးရှို့ဖျက်ဆီးခြင်းကို တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး ဓာတုပစ္စည်းနှင့်ဆေးရည်များကို မြေကျင်းအတွင်းသို့ သွန်ချဖျက်ဆီးပေးကြသည်။

ရှမ်းပြည်နယ်တွင် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ မြန်မာငွေကျပ် ၉၃၁၆၅ သန်းကျော်၊ အမေရိကန်ဒေါ်လာ ၈၂ သန်းကျော်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၂၉**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၀၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၂၂-၆-၂၀၁၅ ရက်နေ့မှ ၂၆-၆-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၇၈ ကျပ်နှင့် ဒီဇယ်တစ်လီတာ ကျပ် ၆၂၀ ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၃၇၅၀၀ - | ၇၃၉၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၃၇၀၀၀ - | ၇၃၈၅၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၁၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၂၂. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၈. ၇၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၇၈၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၃. ၆၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၄၇၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၂. ၈၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၈. ၆၆၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၄၇. ၃၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၂၀. ၁၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ဇာတ်တိုက်လေ့ကျင့်

**မြောင်းမြ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် သဘာဝဘေးအန္တရာယ်နှင့် အခြားမတော်တဆဖြစ်ပွားတတ်သော ဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြောင်းမြခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ INGO အဖွဲ့များပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို မြောင်းမြမြို့နယ် ကွမ်းခြံကြီးကျေးရွာတွင် ဇွန် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဇာတ်တိုက် လေ့ကျင့်မှုပြုလုပ်ရာသို့ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ခရိုင်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးကျော်ကျော်ထွန်း၊ မြို့နယ်ကြက်ခြေနီတပ်ရင်းမှူးဦးဆန်းဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးသန်းတို့ အနီးကပ်ကြီးကြပ်၍ ကျေးရွာအုပ်စု ငါးအုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာပြည်သူများက သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကျေးရွာသူကျေးရွာသားများကို နှိုးဆော်သတိပေးခြင်း၊ အရေးပေါ်ပစ္စည်းများ ထုပ်သိမ်းစေခြင်း၊ လေဒဏ်ခံနိုင်မည့် အဆောက်အအုံကြီးကြီးမားမားရှိရာသို့ ကျေးရွာပြည်သူများအား ပြောင်းရွှေ့နေရာပေးခြင်း၊ စားနပ်ရိက္ခာသိုလှောင်ခြင်း၊ ဖြန့်ဝေခြင်း၊ ကျန်းမာရေးဆိုင်ရာများ စစ်ဆေးဆောင်ရွက်ခြင်း၊ ထိခိုက်ဒဏ်ရာရသူများအား အရေးပေါ်ကုသပေးခြင်းနှင့် ကျေးရွာ၏ ရွှေးမြစ်မြစ်ရေလယ်တွင် လှေမှောက်သဖြင့် ရေနစ်မျောပါသူတစ်ဦးအား မြို့နယ်မီးသတ်တပ်ဖွဲ့၊ ရေပြင်အသက်ကယ် ကျွမ်းကျင်တပ်ဖွဲ့ဝင်များက အရေးပေါ် အသက်ကယ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(ခရိုင်ပြန်/ဆက်)**




**ပြင်ဆင်ဖတ်ရှုပါရန်**

၂၇-၆-၂၀၁၅ ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၄)ပါ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန ရေ/သန့်ဌာနခွဲ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၇-၆-၂၀၁၅ ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၃)ပါ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန လျှပ်စစ်ဌာနခွဲ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ၊ ငါးမုန့်၊ ဆော့စ်၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
76, 09 73071901
02-31505, 09 42174 6522, 01-216072

ပုဂံဒေသရှိသဲယာတော်များအား
ရှုလိုင်(၁၅နှင့်၂၉)ရက်နေ့ထွက်မည်။
(ကြိုတင်လက်မှတ်ရောင်းပြီ)
ဝါဆို သင်္ကန်းနှင့် ဆွမ်းဆန်စိမ်း
စိန်ဝင်း
နှင့်
ရောင်းရင်းများ
၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871,255553,095137245,5122511

ဥတုရာသီ တောကိုမှီ၏

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်နေမင်းအောင် CDC No. 44829 ၏ EDH လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၀၁၇၉၂၇**

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မွန်ဂိုလီးယားလွှတ်တော်ဥက္ကဋ္ဌ၊ မွန်ဂိုလီးယားဝန်ကြီးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

**အူလန်ဘာတာ ဇွန် ၂၉**

မွန်ဂိုလီးယားနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် မွန်ဂိုလီးယားနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Mr. Z. ENKHBOLD တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် အူလန်ဘာတာမြို့ရှိ State Palace ၌ တွေ့ဆုံကြသည်။**(ယာပုံ)**

ထို့နောက် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် State Palace၌ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် Mr.Chimed Saikhanbileg တို့ တွေ့ဆုံဆွေးနွေးကြသည်။**(အောက်ပုံ)** **(သတင်းစဉ်)**





❖ **ရှေ့ဖုံးမှ**

သင်ခန်းစာများ မျှဝေရာတွင်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် နှစ်ဖက်စလုံးမှ သဘောတူခဲ့ကြသည်။

မြန်မာနိုင်ငံ၌ မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွင် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း နှစ်ဖက်သမ္မတများက မှတ်ချက်ပြုခဲ့ပြီး မွန်ဂိုလီးယားနိုင်ငံအနေဖြင့် ဒီမိုကရေစီရွေးကောက်ပွဲကျင်းပခြင်းဆိုင်ရာ အတွေ့အကြုံများကို ဖလှယ်သွားရန်နှင့် မွန်ဂိုလီးယားနိုင်ငံမှ လေ့လာရေးအဖွဲ့များ မြန်မာနိုင်ငံသို့ စေလွှတ်ရန် နှစ်ဖက်သက်ဆိုင်ရာတာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံသမ္မတများအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ နယ်ပယ်များ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂနှင့် အာဆီယံဒေသဆိုင်ရာဖိုရမ်တို့တွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးကြောင်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းအပေါ် မွန်ဂိုလီးယားနိုင်ငံဘက်မှ ဂုဏ်ပြုပြောကြားခဲ့ပြီး မွန်ဂိုလီးယားနိုင်ငံသည် အာဆီယံအဖွဲ့ကြီး၏ ဆွေးနွေးဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရေးနှင့် အရှေ့တောင်အာရှထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေး ကြိုးပမ်းအားထုတ်မှုများတွင် ဆက်လက်ကူညီထောက်ပံ့ပေးနိုင်မည်ဟု မွန်ဂိုလီးယားနိုင်ငံမှ မျှော်လင့်ကြောင်း ဖော်ပြခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်တွင် (၁၁)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့်အပေါ် မြန်မာနိုင်ငံမှ ဂုဏ်ပြုပြောကြားခဲ့ပြီး အာရှ-ဥရောပထိပ်သီးအစည်းအဝေး ကျင်းပရေးလုပ်ငန်းစဉ်များတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်နှင့်ဆွေးနွေးညှိနှိုင်းရေး နိုင်ငံတစ်နိုင်ငံအဖြစ် ကူညီဆောင်ရွက်သွားရန်အသင့်ရှိကြောင်း မြန်မာနိုင်ငံမှဖော်ပြခဲ့ပါသည်။ ထို့ပြင် မွန်ဂိုလီးယားနိုင်ငံ၏ ၂၀၁၆-၂၀၁၈ ကာလအတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသည့်ကိစ္စနှင့် ၂၀၂၃-၂၀၂၄ ကာလအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရမည့်ကိစ္စတို့တွင် ကူညီအားပေးရန်အသင့်ရှိကြောင်း မြန်မာဘက်မှ ဖော်ပြခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေးအား ဖြစ်နိုင်သည့်ကဏ္ဍပေါင်းစုံတွင်ပိုမိုတိုးချဲ့ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ၊ သတင်းအချက်အလက်နှင့် ကျွမ်းကျင်သူများဖလှယ်ရေး စသည်တို့ကို အားပေးမြှင့်တင်သွားရန် နှစ်ဖက်စလုံးမှ စိတ်ဝင်စားမှုရှိကြောင်း ဖော်ပြခဲ့သည်။ ကုန်သွယ်ရေး၊ သတ္တုကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလာရေးကဏ္ဍ၊ ယဉ်ကျေးမှုနှင့် စီးပွားရေးကဏ္ဍများသည် နှစ်ဖက်စလုံး အကျိုးဖြစ်ထွန်းစေမည့် အလားအလာရှိသော ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်များ ဖြစ်လာနိုင်ကြောင်း နှစ်ဖက်စလုံးမှ အလေးထားပြောကြားခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တွင်းထွက်သယံဇာတပေါကြွယ်ဝသည့်နိုင်ငံများဖြစ်ရာ သတ္တုတွင်းကဏ္ဍ၊ အထူးသဖြင့် သဘာဝသယံဇာတများကို သင့်လျော်စွာအသုံးချရေး၊ ဥပဒေရေးရာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဘူမိဗေဒဆိုင်ရာတူးဖော်မှုတွင် ကျွမ်းကျင်မှုဖလှယ်ရေးနှင့် အရင်းအမြစ်တူးဖော်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေးလုပ်ငန်းစဉ်(EITI)နှင့် မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်သွားရေး စသည့်ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများရှာဖွေသွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့သည်။

နှစ်နိုင်ငံအကြားကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ဆက်ဆံမှုတည်ထောင်ခြင်း၊ နှစ်ဖက်ကျောင်းသားများအပြန်အလှန်ဖလှယ်ခြင်း၊ မွန်ဂိုလီးယားနှင့် မြန်မာဘာသာစကားလေ့လာမှုများ တိုးမြှင့်ခြင်းတို့မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်သွားရန် မွန်ဂိုလီးယားနိုင်ငံအနေဖြင့် စိတ်ပါဝင်စားမှုရှိကြောင်း ဖော်ပြခဲ့သည်။

နှစ်နိုင်ငံသမ္မတများအနေဖြင့် နှစ်နိုင်ငံပြည်သူများအကြား ထိတွေ့ဆက်ဆံမှုနှင့် လူငယ်များ အပြန်အလှန်ဖလှယ်မှုတို့မှတစ်ဆင့် နှစ်ဖက်ပြည်သူများအကြား ပိုမိုသိရှိနားလည်လာစေရေးနှင့် အပြန်အလှန်နားလည်မှုတိုးမြှင့်သွားရန် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

၂၀၁၆ ခုနှစ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်နှစ်ဖြစ်ရာ နှစ်နိုင်ငံစလုံးတွင် ယဉ်ကျေးမှုအခမ်းအနားများ ကျင်းပသွားရန် နှစ်နိုင်ငံသမ္မတများက သဘောတူညီခဲ့သည်။

နှစ်နိုင်ငံ သမ္မတများရှေ့မှောက်၌ အောက်ပါစာချုပ်စာတမ်းများ လက်မှတ်ရေးထိုးခဲ့သည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား ခရီးသွားလာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်ကောင်စီနှင့် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့တော်ကောင်စီတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မွန်ဂိုလီးယားနိုင်ငံ အမျိုးသားကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့အကြား နားလည်မှုစာချွန်လွှာ။

## လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၂၀/၂၀၁၅)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန် ၂၉ ရက်)

**လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ ရပ်ကွက်(၂)၊ အမှတ်(၈၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ** အား ၂၀၁၅ ခုနှစ် ဇွန် ၂၉ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၈၉)ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**




**အမှတ်(၁၃၀)သံလွင်လမ်း ဗဟန်းမြို့နယ်နေ ဦးအုံ့ကြီး-ဒေါ်မေညွန့်တို့၏ (၆၁)နှစ်မြောက်မင်္ဂလာအထိမ်းအမှတ်နှင့် ဦးအုံ့ကြီး၏(၉၂) နှစ်မြောက်မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်ကျပ်သိန်း ၅၀ နှင့်ဆွမ်းတစ်နေ့တာ ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝင်လွင် လက်ခံယူစဉ်။ (ကြေးမုံ)**



☆ **နိုင်ငံတော်သမ္မတမှ**

နှစ်နိုင်ငံသဘောတူစာချုပ်များကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့် မွန်ဂိုလီးယားနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် ခရီးသွားကဏ္ဍဆိုင်ရာဝန်ကြီး Ms.Oyunkhorol.D တို့က လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် အူလန်ဘာတာမြို့ ဒုတိယမြို့တော်ဝန် Mr. Gantumur.N တို့က လည်းကောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မွန်ဂိုလီးယားနိုင်ငံ National Chamber of Commerce and Industry မှ ဥက္ကဋ္ဌ Mr. Lkhagvajav.B တို့က လည်းကောင်း အသီးသီးလက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲကို ကျင်းပရာ မွန်ဂိုလီးယားသမ္မတနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့က သတင်းထောက်များ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် Gandantegchinlen ဘုန်းကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော် Choijamts နှင့် အဖွဲ့အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

မြန်မာ-မွန်ဂိုလီးယား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။
(ပြန်/ဆက်)



**ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။
(ပြန်/ဆက်)

**လက်မှတ်ရေးထိုး**

မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မွန်ဂိုလီးယားနိုင်ငံ National Chamber of Commerce and Industry မှ ဥက္ကဋ္ဌ Mr. Lkhagvajav.B တို့ လက်မှတ်ရေးထိုးစဉ်။
(ပြန်/ဆက်)



## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Mobile Radio သတင်းအစီအစဉ်ကို တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် ဇူလိုင် ၁ ရက်တွင် စတင်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Blue Ocean Operating Management Company Limited တို့ ပူးပေါင်း၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သတင်းများကို Mobile Phone များတွင် အလွယ်တကူ နားဆင်နိုင်ရန်အတွက် Mobile Radio အစီအစဉ်ကို မေ ၁၅ ရက်တွင် စတင်ကာ နေ့စဉ် နံနက် ၈ နာရီ၊ မွန်းလွဲ ၁ နာရီနှင့် ည ၇ နာရီတို့တွင် တစ်နေ့ သုံးကြိမ်စီ ထုတ်လွှင့်လျက်ရှိရာ ယခုအခါ နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ Public access to Information ကို ပိုမိုကျယ်ပြန့်စွာ ရရှိနိုင်စေရန်အတွက် Mobile Radio သတင်း ထုတ်လွှင့်မှုကို တိုင်းရင်းသားဘာသာစကားများဖြင့်ပါ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းရင်းသားဘာသာ Mobile Radio သတင်းအစီအစဉ်များအဖြစ် ကချင်ဘာသာ၊ ကယားဘာသာ၊ စကောကရင်ဘာသာ၊ အနောက်ပိုးကရင်ဘာသာ၊ အရှေ့ပိုးကရင်ဘာသာ၊ ချင်း(လိုင်ဇိုး)ဘာသာ၊ ချင်း(ချိုး)ဘာသာ၊ မွန်ဘာသာ၊ ရခိုင်ဘာသာ၊ ရှမ်းဘာသာ၊ "ဝ" ဘာသာ စသည့်တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် စက္ကန့် ၉၀ စာ သတင်းများကို ဇူလိုင် ၁ ရက်တွင် စတင်ကာ နေ့စဉ် တစ်နေ့သုံးကြိမ်စီ ထုတ်လွှင့်သွားမည် ဖြစ်သည်။

ယင်းသို့ထုတ်လွှင့်ရာတွင် နားဆင်လိုသူ မိဘပြည်သူများအနေဖြင့် ဖုန်းနံပါတ် ၀၁-၂၃၉၉၁၀၃ ကိုခေါ်ဆို၍ Subscribe လုပ်ပြီး မိမိနှစ်သက်ရာ တိုင်းရင်းသားဘာသာအစီအစဉ်ကို နံနက် ၈ နာရီ၊ မွန်းလွဲ ၁ နာရီ၊ ည ၇ နာရီတို့တွင် နားဆင်နိုင်ကြမည်ဖြစ်ပြီး စက္ကန့် ၉၀ စာ သတင်းတစ်ချိန်လျှင် ၅၄ ကျပ်နှုန်းဖြင့် တစ်ရက် သုံးကြိမ် ၁၆၂ ကျပ်နှုန်းကို ဖုန်းလက်ကျန်ငွေမှ ကောက်ခံသွားမည်ဖြစ်သည်။

အဆိုပါ တိုင်းရင်းသားဘာသာ Mobile Radio သတင်းအစီအစဉ်များတွင် နောက်ဆုံးရပြည်တွင်းသတင်းများ၊ ဒေသဆိုင်ရာသတင်းများ၊ နိုင်ငံတကာသတင်းများ၊ အားကစားသတင်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ စိတ်ဝင်စားဖွယ်ရာသတင်းများကို နားဆင်ကြရမည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသတင်းများကို Mobile Phone များတွင် အလွယ်တကူ နားဆင်နိုင်သည့် Mobile Radio သတင်းအစီစဉ်များနှင့် စပ်လျဉ်း၍ မေးမြန်းစုံစမ်းလိုပါက ပြန်ကြားရေးဝန်ကြီးဌာန၏ Call Center ဖုန်းနံပါတ် ၁၈၈၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြပါသည်။

**(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)**

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇွန် ၂၉

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မာန်အောင်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ဖလမ်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ မော်လိုက်မြို့တွင် ၁ ဒသမ ၃၈ လက်မ၊ လောင်းလုံးမြို့တွင် ၁ ဒသမ ၂၂ လက်မနှင့် မြိတ်မြို့တွင် ၁ ဒသမ ၁၈ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မုတ်သုံလေအားအသင့်အတင့်ရှိမည်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မွန်ဂိုလီးယားနိုင်ငံ သမ္မတ အယ်လ်ဘတ်ခ်ဒေါ်ဂျ် ဇတ်ခ်ဟီးလ်ယာဒ်တို့ သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားစဉ်။ (သတင်းရှေ့ဖုံး)

(ပြန်/ဆက်)




# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Mini Naadam ပွဲတော် ကြည့်ရှုအားပေး

**အူလန်ဘာတာ ဇွန် ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့သည် မွန်ဂိုလီးယားသမ္မတ အယ်လ်ဘတ်ခ်ဒေါ်ဂျ် ဇတ်ခ်ဟီးလ်ယာဒ် နှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် Chinggisyn Khuree ၌ ကျင်းပသည့် Mini Naadam ပွဲတော်ကို သွားရောက်ကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)**

ပထမဦးစွာ ယဉ်ကျေးမှုအဖွဲ့များက ဖျော်ဖြေတင်ဆက်ကြပြီးနောက် နပန်းပွဲ၊ မြားပစ်ပြိုင်ပွဲနှင့် မြင်းပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ Mini Naadam ပွဲတော်သည် မွန်ဂိုလီးယားနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု ပွဲတော်တစ်ခုဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကပင် ကျင်းပခဲ့ခြင်းဖြစ်ကာ နပန်းပွဲများ၊ မြင်းပြိုင်ပွဲနှင့် မြားပစ်ပြိုင်ပွဲများကို အဓိကအသားပေးထည့်သွင်းယှဉ်ပြိုင်စေခြင်း ဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် အဆိုပါပွဲတော်အား သမိုင်းဝင်အထင်ကရရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုအဖြစ် ယူနက်စကိုက မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့က မြားပစ်ပြိုင်ပွဲတွင် အနိုင်ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား မွန်ဂိုလီးယားသမ္မတ အယ်လ်ဘတ်ခ်ဒေါ်ဂျ် ဇတ်ခ်ဟီးလ်ယာဒ်က Ikh tenger complex ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။**(အောက်ပုံ)**

**(သတင်းစဉ်)**

❒

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်များတွေ့ဆုံ

**ရန်ကုန် ဇွန် ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်နှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ ပင်မယန္တရား(တောင်)ခန်းမတွင် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပြုလုပ်ခဲ့သည်။

ထိုတွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌဦးကိုကို၊ မြောက်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးအောင်ခိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက သိလိုသည်များကို တင်ပြဆွေးနွေးခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြန်လည်ရှင်းလင်းပြောကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖



# အနည်းဆုံးအခကြေးငွေကို အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ကျပ် ၃၆၀၀ တိတိသတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ**
**အဆိုပြုအနည်းဆုံးအခကြေးငွေထုတ်ပြန်ကြေညာချက်အမှတ် (၁/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်)**

၁။ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရန် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇ အဖြစ် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၌ ပြဋ္ဌာန်းပေးခဲ့ပြီး အနည်းဆုံးအခကြေးငွေနည်းဥပဒေများကိုလည်း ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့၌ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများအရ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့၌ လည်းကောင်း၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့၌လည်းကောင်း ဖွဲ့စည်းပေးခဲ့ပြီး ကော်မတီအသီးသီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ပေးခဲ့ပါသည်။

၃။ ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သော အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများအရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးနိုင်ရေးကို အောက်ပါလုပ်ငန်းစဉ် ၅ ရပ်ချမှတ်၍ ဆောင်ရွက်ခဲ့ပါသည်-

(က) **လုပ်ငန်းစဉ်(၁)**။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီများဖွဲ့စည်းခြင်း။

(ခ) **လုပ်ငန်းစဉ်(၂)**။ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ ကျင်းပခြင်း။

(ဂ) **လုပ်ငန်းစဉ်(၃)**။ လူနေမှုကုန်ကျစရိတ်ဆိုင်ရာ မေးခွန်းလွှာများဖြန့်ဝေ၍ စာရင်းကောက်ယူခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများထံမှပေးပို့လာသော အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များကို ပြန်လည်စုစည်းပြီး အနည်းဆုံးအခကြေးငွေအား အဆိုပြုထုတ်ပြန်နိုင်ရန် ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း။

(ဃ) **လုပ်ငန်းစဉ်(၄)**။ အဆိုပြုအနည်းဆုံး အခကြေးငွေထုတ်ပြန်ကြေညာခြင်း။

(င) **လုပ်ငန်းစဉ်(၅)**။ အတည်ပြုအနည်းဆုံး အခကြေးငွေထုတ်ပြန်ကြေညာခြင်း။

၄။ အထက်ပါလုပ်ငန်းစဉ်များနှင့်အညီ အမျိုးသားကော်မတီသည် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အစီအစဉ်များချမှတ်ပြီး အမျိုးသားအဆင့်မူဝါဒများချမှတ်ခြင်း၊ သုတေသနပြုလုပ်စေခြင်း၊ စစ်တမ်းများကောက်ယူ၍ စိစစ်တွက်ချက်စေခြင်းတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းစဉ်(၃)အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်၍ လက်ရှိအချိန်၌ လုပ်ငန်းစဉ်(၄)ကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိအချိန်အထိ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး(၇)ကြိမ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများပါဝင်သော သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပွဲ အကြိမ် (၃၀) ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၅။ ထို့အပြင် မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အဆိုပြုအနည်းဆုံးအခကြေးငွေကို ထုတ်ပြန်ကြေညာခြင်း မပြုမီ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့တို့တွင် အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီဝင်များ၊ နိုင်ငံတော်သမ္မတ၏အကြံပေးပုဂ္ဂိုလ်များ၊ အစိုးရကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) မှ အခကြေးငွေဆိုင်ရာ ကျွမ်းကျင်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသော ရပ်မိရပ်ဖများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကြီးကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးရေးဆိုင်ရာ သဘောထားများနှင့် အကြံပြုချက်များကို ရယူခဲ့ပါသည်။

၆။ ထိုသို့ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် (၇)ကြိမ်မြောက် အမျိုးသားကော်မတီအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီဝင်များ၏ အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များ၊ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သော အမျိုးသားကော်မတီအစည်းအဝေးများ၏ ရလဒ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများမှ ရရှိလာသော ဆွေးနွေးပွဲရလဒ်များ၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီများအလိုက် ကျင်းပပြုလုပ်ခဲ့သော အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးမှုများမှရရှိလာသည့် အဆိုပြုနှုန်းထားများ၊ တစ်နိုင်ငံလုံးကို လွှမ်းခြုံ၍ မြို့နယ်ပေါင်း ၁၀၈ မြို့နယ်ရှိ အိမ်ထောင်စုပေါင်း ၂၂၀၃၂ စု၏ နေထိုင်စားသောက်မှုကုန်ကျစရိတ် စာရင်းစစ်တမ်းကောက်ယူမှုမှရရှိခဲ့သည့် လူတစ်ဦးချင်း၏ ပျမ်းမျှနေထိုင်စားသောက်မှု ကုန်ကျစရိတ်နှုန်းထားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အနိမ့်ဆုံးအခြေခံလစာနှင့် နေ့စားအလုပ်သမားများ၏လုပ်ခ စသည်တို့အပေါ်တွင် မှီငြမ်းကိုးကား၍ အဆိုပြုအနည်းဆုံးအခကြေးငွေကို ညှိနှိုင်းသတ်မှတ်ခဲ့ကြပါသည်။

၇။ အထက်ဖော်ပြပါအချက်များပေါ်တွင် အခြေခံ၍ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် ညှိနှိုင်းသဘောတူညီခဲ့ကြသော အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့် သက်ဆိုင်သည့်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီသတ်မှတ်ပေးသင့်သည့် အနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ်၄၅၀/- (ကျပ်လေးရာငါးဆယ်တိတိ) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ကျပ် ၃၆၀၀/- (ကျပ်သုံးထောင်ခြောက်ရာတိတိ) ဖြစ်ပါသည်။

(ခ) လုပ်ငန်းသဘောသဘာဝအရ ဥပဒေနှင့်အညီအချိန်ပိုလုပ်ရသော အလုပ်သမားများအတွက် သက်ဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ပေးထားသော အချိန်ပိုလုပ်ခကို ခံစားခွင့်ရှိသည်။

(ဂ) ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၁၄(ခ)အရ ဤဥပဒေအာဏာမတည်မီက ရရှိနေသော အခကြေးငွေသည် ဤဥပဒေအရ သတ်မှတ်သော အနည်းဆုံးအခကြေးငွေထက် ပိုမိုရရှိနေပါက ပိုမိုရရှိသော အခကြေးငွေကို အလုပ်သမားများဆက်လက်ခံစားခွင့်ရှိသည်။

(ဃ) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ပါ အနည်းဆုံးအခကြေးငွေမှာ ဥပဒေအရ သတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေထက်လျော့နည်းပါက အလုပ်သမားသည် ဥပဒေအရ သတ်မှတ်ပေးထားသည့် အနည်းဆုံးအခကြေးငွေနှင့်အညီ ခံစားခွင့်ရှိသည်။

(င) ထို့အပြင် ဥပဒေအရသတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေကိုသော်လည်းကောင်း၊ ထိုအခကြေးငွေထက် ပို၍အလုပ်ရှင်ကပေးသည့်အခကြေးငွေကို သော်လည်းကောင်း အလုပ်သမားက ခံစားခွင့်ရှိသည်။

(စ) အချိန်ပိုင်း၊ နာရီပိုင်းအလုပ်လုပ်ရသော အလုပ်သမားများသည် အလုပ်လုပ်သည့်အချိန်အတွက် သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကိုခံစားခွင့်ရှိသည်။

(ဆ) သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ ခံစားခွင့်ရှိစေရမည်။

(ဇ) ယခုအဆိုပြုလိုက်သော အနည်းဆုံးအခကြေးငွေနှုန်းထားအား အတည်ပြုသတ်မှတ်ပြီးပါက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအလိုက် သတ်မှတ်ထားသော စည်းကမ်းချက်များဖြင့် ခန့်ထားပြီးဖြစ်သည့် အလုပ်သမားများကို ယင်းနှုန်းထားအတိုင်းပေးရမည်ဖြစ်ပြီး အနည်းဆုံးအခကြေးငွေ နည်းဥပဒေ ၄၃(ဥ) အရ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအလိုက် သတ်မှတ်ထားသော ကျွမ်းကျင်မှုစံ သို့မဟုတ် ထုတ်လုပ်မှုစံနှုန်း ပြည့်မီအောင် လုပ်ဆောင်နိုင်စွမ်းမရှိသေးသည့် အလုပ်သမားအသစ်များအား အစမ်းခန့်ကာလ မတိုင်မီ ကျွမ်းကျင်မှုရှိစေရေးအတွက် လေ့ကျင့်ပေးရန်လိုအပ်လျှင် သက်ဆိုင်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသည် လေ့ကျင့်ချိန်ကာလ သုံးလအတွင်း သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ၏ ၅၀ ရာခိုင်နှုန်းထက်မနည်းသော လုပ်ခလစာကိုလည်းကောင်း၊ အစမ်းခန့်ကာလသုံးလအတွင်း သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ၏ ၇၅ ရာခိုင်နှုန်းကိုလည်းကောင်း ပေးရမည်။

(ဈ) အနည်းဆုံးအခကြေးငွေနည်းဥပဒေ ၄၄(က)အရ အလုပ်သမားများသည် မိမိတို့အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအဆင့်နှင့်အညီ သတ်မှတ်ထားသော ကုန်ထုတ်စွမ်းအား ပြည့်မီစေရန်ဆောင်ရွက်ရမည်။

(ည) ယခုအဆိုပြုသတ်မှတ်ပေးသော အနည်းဆုံးအခကြေးငွေနှုန်းထားကို အတည်ပြုပြီးပါက ယင်းအခကြေးငွေနှုန်းထားနှင့် အချိန်ပိုလုပ်ခများမှာ ဥပဒေအရ အလုပ်သမားများရသင့်ရထိုက်သည့် လုပ်ခလစာဖြစ်ပြီး ရက်မှန်ကြေး၊ ဆုကြေးနှင့် ရှားပါးစရိတ်စသည့် အပိုထောက်ပံ့ကြေးများကိုမူ အလုပ်ရှင်များက မိမိတို့၏ လုပ်ငန်း အောင်မြင်မှုနှင့် အကျိုးအမြတ်တို့အပေါ်တွင် မူတည်၍ အလုပ်သမားများကို ချီးမြှင့်နိုင်သည်။

(ဋ) အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းနှင့် ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်းတို့ပြုရာတွင် နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်သည့် လုပ်ငန်းများတွင်သော်လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင်သော်လည်းကောင်း လုပ်ကိုင်နေကြသည့် နိုင်ငံသားအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသည် ကျွမ်းကျင်မှုအလိုက် နိုင်ငံခြားသားအလုပ်သမားများနည်းတူခံစားခွင့်ရှိသည်။

(ဌ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အနည်းဆုံးအခကြေးငွေကို အတည်ပြုသတ်မှတ်ပြီးပါက ယင်းသတ်မှတ်အခကြေးငွေနှုန်းထားသည် ခွင့်ရက်၊ အလုပ်ပိတ်ရက်နှင့် စပ်လျဉ်း၍ အလုပ်သမားများအားပေးထားသည့် အခွင့်အရေးတစ်ရပ်ရပ်ကို ထိခိုက်ခြင်းမရှိစေရ။

(ဍ) အထူးစီးပွားရေးဇုန်များတွင် အလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံသားအလုပ်သမားများအတွက် သက်ဆိုင်ရာအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီများသည် အထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားအလိုက် သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများကို အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

(ဎ) အဆိုပြုအနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းသည် အလုပ်သမား ၁၅ ဦးနှင့် အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိဘဲ အဆိုပါလုပ်ငန်းများတွင် အလုပ်လုပ်နေကြသည့် အလုပ်သမားများအနေဖြင့် မိမိတို့၏နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဦးနှစ်ဖက် သဘောတူညှိနှိုင်းသတ်မှတ်သော အခကြေးငွေနှုန်းထားများဖြင့် ရယူခံစားနိုင်သည်။

၈။ အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြုခြင်း၊ အကြံပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်လိုသည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် ဤအဆိုပြုအနည်းဆုံးအခကြေးငွေထုတ်ပြန်သည့်နေ့ရက်မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း ပူးတွဲပါပုံစံတွင်ဖြည့်စွက်ပြီး **(ပူးတွဲပါပုံစံကို စာမျက်နှာ ၇ တွင် ဖော်ပြထားပါသည်။)**အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ ထံပေးပို့ရမည့်အပြင် မိတ္တူကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနရှိ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ ပေးပို့ရမည်။

၉။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသည် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ၊ ကန့်ကွက်ချက်များ၊ ပြင်ဆင်ချက်များနှင့် ကွင်းဆင်းစစ်ဆေးချက်များကို လေ့လာစိစစ်ပြီး ကန့်ကွက်သည့်နေ့ သို့မဟုတ် ပြင်ဆင်ရန်အဆိုပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြီးစီးအောင်ရှင်းလင်း၍ အဆိုပြုနှုန်းထားကို အမှုတွဲနှင့် သက်သေခံအထောက်အထား စာရွက်စာတမ်းများပူးတွဲပြီး အမျိုးသားကော်မတီထံတင်ပြရမည်။

၁၀။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားကို အများပြည်သူသိရှိရန်ကြေညာပြီးနောက် ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်ချက် သို့မဟုတ် ပြင်ဆင်ရန် အဆိုပြုချက်များကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင် ကိုယ်စားလှယ်များဖြင့် လေ့လာစိစစ်ပြီး အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။

၁၁။ ထို့အပြင် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီတို့၏ ပြန်လည်သုံးသပ်တင်ပြချက်များကိုသော်လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းဌာန၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများ၏ အကြံပြုချက်များကိုသော်လည်းကောင်း၊ ယင်းအကြံပြုချက်များအပေါ် လုပ်ငန်းကော်မတီများ၏ သဘောထားမှတ်ချက်များကိုသော်လည်းကောင်း ထည့်သွင်းစဉ်းစားပြီး သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားကို နှစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ခြင်းနှင့် ဆက်လက်အတည်ပြုခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၂။ **သို့ဖြစ်ပါ၍ ၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(င)အရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီသတ်မှတ်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၄၅၀/- (ကျပ် လေးရာငါးဆယ်တိတိ) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ကျပ် ၃၆၀၀/- (ကျပ် သုံးထောင်ခြောက်ရာတိတိ) ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ ဦးနှင့်အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်မှု မရှိကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။**

**အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ၁၉၈၈-၁၉၈၉ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ် မေလကုန်အထိ ဖွဲ့စည်းမှတ်ပုံတင်ထားသည့် ကုမ္ပဏီ ၄၉၀၇၄ ခုရှိ

**နေပြည်တော် ဇွန် ၂၉**

ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၇၀)ရက်မြောက်နေ့ကို ယနေ့နံနက်(၁၀)နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **မြန်မာနိုင်ငံရှိ THE BURMA COMPANIES ACT ၁၉၁၄ ခုနှစ်နှင့် ၁၉၅၀ပြည့်နှစ် အထူးအက်ဥပဒေများသည် လီမိတက်ကုမ္ပဏီများအတွက် အဓိကပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်ရာ ယခုနိုင်ငံတော်မှ မှတ်ပုံတင်ခွင့်ပြုထားသည့် အများပိုင်ကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် ဟိုးလ်ဒင်းများကို မည့်သည့်ဥပဒေနှင့် ထိန်းသိမ်းကွပ်ကဲမှု ပြုလုပ်နေသည်နှင့် ယင်းကဲ့သို့ကုမ္ပဏီများ အရေအတွက်မည်မျှရှိသည်ကို သိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၅ တွင် တာဝန်ကန့်သတ်၍ ဖြစ်စေ၊ မကန့်သတ်ဘဲဖြစ်စေ ဥပဒေနှင့်အညီ ကုမ္ပဏီများကို ဖွဲ့စည်းမှတ်ပုံတင်နိုင်ကြောင်းကို ပြဋ္ဌာန်းထားပါကြောင်း။

၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေ နိဒါန်းတွင် "မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေရှိ အချို့သောပြဋ္ဌာန်းချက်များနှင့် အကြောင်းအားလျော်စွာ လိုအပ်လျှင် မသက်ဆိုင်သောကုမ္ပဏီမျိုး ဖွဲ့စည်းရန် ရည်ရွယ်သည်တစ်ကြောင်း၊ ထိုကုမ္ပဏီကို ဖွဲ့စည်းရန်ကိစ္စနှင့် အခြားကိစ္စများအတွက် ပြဋ္ဌာန်းရန်လိုအပ်သည်လည်းတစ်ကြောင်း၊ ထိုအကြောင်းကြောင်းများကြောင့် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်"ဟု ဖော်ပြပါရှိပြီး ဖြစ်ပါကြောင်း။

အဆိုပါ ဥပဒေများသည် လီမိတက်ကုမ္ပဏီများအတွက်သာ အဓိကပြဋ္ဌာန်းထားသည့် ဥပဒေမဟုတ်ပါကြောင်းနှင့် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် ဦးပိုင်ကုမ္ပဏီများအားလုံး မှတ်ပုံတင်နိုင်ပါကြောင်း။

၁၉၈၈-၁၉၈၉ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ် မေလကုန်အထိ ဖွဲ့စည်းမှတ်ပုံတင်ထားသည့် ကုမ္ပဏီ ၄၉၀၇၄ ခုရှိပြီး မြန်မာကုမ္ပဏီအဖြစ် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ (Private Company Ltd) ၄၄၄၉၈ ခု၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (Public Company Ltd) ၁၉၉ခု၊ နိုင်ငံခြားကုမ္ပဏီ ၄၂၉၉ ခုနှင့် ဖက်စပ်ကုမ္ပဏီ ၇၈ ခုတို့ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။



ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ။



ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း။

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းက **ခန္တီးမြို့နယ် ချင်းတွင်းမြစ်ကမ်းဘေး ကျောက်စိမ်းလုပ်ကွက်များတွင် မည်သည့်ကုမ္ပဏီများမှ လုပ်ကိုင်ခဲ့သည်၊ လုပ်ကွက်တစ်ခုချင်းမှ ကျောက်စိမ်းမည်မျှစီရသည်ကို ရာဖြတ်အဖွဲ့၏ မှတ်တမ်းနှင့်တကွ သိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၁၄ (က)အရ သတ္တုတွင်းဝန်ကြီးဌာနသည် ခန္တီးရတနာနယ်မြေတွင် ကျောက်စိမ်းဖော်ထုတ် လုပ်ကွက် (အသစ်)များ လျှောက်ထားနိုင်ကြောင်းကို ကြေညာချက် (၇/၂၀၀၈)ဖြင့် ခေါ်ယူခဲ့ပါကြောင်း။

သို့ရာတွင် လုပ်ကိုင်ခွင့်ချထားပေးသော လုပ်ကွက်(၂၈၀) အနက် (၆၀) မှာ အဆိုပြုငွေပေးသွင်းခြင်းမရှိသည့်အတွက် ၎င်းလုပ်ကွက်(၆၀)ကို ပြန်လည်ပယ်ဖျက်ခဲ့ရသဖြင့် နောက်ဆုံးခွင့်ပြုမိန့်ထုတ်ပေးသည့် လုပ်ကွက်အရေအတွက်စုစုပေါင်းမှာ (၂၂၀)သာ ကျန်ရှိပါကြောင်း။

၎င်းလုပ်ကွက်(၂၂၀)အနက် ချင်းတွင်းမြစ်နှင့် (၂)မိုင်မှ (၅)မိုင် ဝေးကွာသော ညောင်တစ်လျှောက်မှော် (နောင်းလီမှော်)နှင့် နတ်မှော် (ချောင်းသုံးခွမှော်) တို့တွင် လုပ်ကွက်(၄၅)ကွက်ရှိပါကြောင်း၊ ချင်းတွင်းမြစ်ဘေးတွင် တည်ရှိသော ညောင်တစ်လျှောက်မှော်နှင့် လင်းဖာမှော်တို့တွင် လုပ်ကွက် (၁၇၅)ကွက်ရှိကြောင်း။

ကုမ္ပဏီများအနေဖြင့် ရတနာနယ်မြေအတွင်းရှိ ချင်းတွင်းမြစ်ဘေးပေ (၅၀၀) ဝေးကွာသော နေရာမှစ၍ ဘူမိဗေဒဖြစ်တည်မှု သဘောတရားအရ ရေဆောင်သိုက်နေရာအဖြစ် ခန့်မှန်း၍ ကျောက်စိမ်းထုတ်လုပ်နိုင်မည်ဟု ယူဆပြီး ဖော်ထုတ်လုပ်ကွက်များအဖြစ် လျှောက်ထားတူးဖော်ခဲ့ကြသော်လည်း ချင်းတွင်းမြစ်ဘေးတွင် ရေဆောင်သိုက်ကျောက်စိမ်းများ စုဖွဲ့မှုမရှိသည်ကို တူးဖော်ခဲ့သည့်အခါမှသာ သိရှိခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ကုမ္ပဏီများအနေဖြင့် စတင်တူးဖော်ချိန်မှ ယာယီရပ်ဆိုင်းချိန်အထိ ကျောက်စိမ်းရိုင်း ထုတ်လုပ်နိုင်မှုမရှိသေးကြောင်း တွေ့ရှိရပြီး ကျောက်စိမ်းရိုင်း ထုတ်လုပ်နိုင်မှုမရှိသေးသဖြင့် တွင်းဝရတနာခွန်ပေးဆောင်မှု မရှိသေးပါကြောင်းနှင့် ကျောက်စိမ်းထုတ်လုပ်မှုမရှိသေးသည့်အတွက် ရာဖြတ်အဖွဲ့၏ မှတ်တမ်းများလည်း ဖော်ပြရန် မရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း**တို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခဲ့သည်။

ထို့ပြင် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်တင်သွင်းသည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ တင်ပြခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အခြေခံပညာကဏ္ဍ သင်ရိုးညွှန်းတမ်းတွင် အခြေခံစိုက်ပျိုးရေးပညာဘာသာရပ် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၅) ရက်မြောက်နေ့ကို ယနေ့နံနက် (၁၀) နာရီတွင် ဆက်လက်ကျင်းပရာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ၏ **"နေ့စားလျှပ်စစ်ဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက နေ့စားဝန်ထမ်းမှ အမြဲတမ်းဝန်ထမ်းအဖြစ်သို့ ခန့်ထားရေးကို တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများ အလိုက် မြို့နယ်/ မြို့/ မြို့နယ်ခွဲ လျှပ်စစ်အင်ဂျင်နီယာရုံးများတွင် ဝင်ပေါက်ရာထူး စာရင်းကိုင်(၄)နှင့် ဒုလက်ထောက်ကြီးကြပ်ရေးမှူး (မီတာ) နေရာလစ်လပ်မှု ရှိလာသည့်အခါမှ သာ ပြည်နယ်/တိုင်းဒေသကြီးများ အလိုက် နေ့စားတန်းစီဇယားမြင့်/နိမ့်အပေါ် မူတည်၍ အမြဲတမ်းဝန်ထမ်းအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်မှု ရှိ၊ မရှိ ဆန္ဒပြုချက်များရယူပြီး ဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အဆင့်ဆင့်တင်ပြပြီး ခွင့်ပြုချက်တောင်းခံ၍ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးလျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး ဦးသန့်ရှင်း။

နေ့စားဝန်ထမ်းများအား အမြဲတမ်းခန့်ထားရာတွင် ဖွဲ့စည်းပုံလစ်လပ်မှုအရ ခန့်ထားခြင်းဖြစ်ပါကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ နေ့စားဝန်ထမ်းများအား အမြဲတမ်းခန့်ထားရာတွင် မွန်ပြည်နယ်အတွင်း ဝင်ပေါက်ရာထူး နေရာလစ်လပ်မှုအပေါ် မူတည်၍ နေ့စားလုပ်သက်မြင့်/နိမ့် တန်းစီဇယားအရ ခန့်ထားခြင်းဖြစ်ပြီး မွန်ပြည်နယ်အတွင်း ဖွဲ့စည်းပုံလစ်လပ်မှုမရှိပါက အခြားတိုင်းဒေသကြီး / ပြည်နယ်များရှိ ဖွဲ့စည်းပုံ လစ်လပ်နေရာများသို့ သွားရောက်တာဝန်ထမ်းဆောင်နိုင်မှု အခြေအနေရှိပါက ဆန္ဒတောင်းခံ၍ ခန့်ထားရေးဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။



မဲဆန္ဒနယ် အမှတ်(၁၀)မှ လွှတ်တော်ကိုယ်စားလှယ် ဦးနု။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ လွှတ်တော်ကိုယ်စားလှယ် ဦးနု၏ **"ပြုပြင်ပြောင်းလဲပြဋ္ဌာန်းတော့မည့် အခြေခံပညာကဏ္ဍသင်ရိုးညွှန်းတမ်းတွင် အခြေခံစိုက်ပျိုးရေးပညာ ဘာသာရပ်ကို အဆင့်အသီးသီးတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းနိုင်ရေး အလေးထားဆောင်ရွက်နေမှု အခြေအနေကို သိရှိလိုခြင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက လက်ရှိအကောင်အထည် ဖော်နေသော မူလတန်းအဆင့်သင်ရိုးတွင် အခြေခံစိုက်ပျိုးရေးဘာသာရပ်သည် အဓိကဘာသာရပ်မဟုတ်ဘဲ တွဲဖက်သင်ရိုးဘာသာရပ်သာ ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမည့် သင်ရိုးညွှန်းတမ်းတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့၌ အခြေခံစိုက်ပျိုးရေးပညာကို ဒေသလိုအပ်ချက်နှင့်အညီ အနည်းဆုံး တစ်ပတ်လျှင် တစ်ချိန်သတ်မှတ်၍ သင်ယူမည်ဟု စီစဉ်ပါက လက်တွေ့တွင် အကောင်အထည်ဖော်နိုင်ချေ ရှိပါကြောင်း၊ ထိုသို့ ပြုလုပ်လျှင်လည်း စိုက်ပျိုးရေးဆိုင်ရာ အခြေခံကျွမ်းကျင်မှု (Soft Skill) ရရှိရန် သင်ချိန်လုံလောက်သည်ဟု ယူဆပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ လက်ရှိပြင်ဆင်အတည်ပြုရန် ဆွေးနွေးနေသည့် အမျိုးသားပညာရေးဥပဒေတွင် ကဏ္ဍအလိုက် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးမည့် နည်းပညာနှင့် သက်မွေး ပညာရေးသင်တန်း (Technical and Vocational Education and Training-TVET) ကို အလေးပေးထားကြောင်း တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မူလတန်းအဆင့် ပြီးမြောက်သူများအတွက် စိုက်ပျိုးရေးပညာ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်သည့် သက်မွေးပညာသင်တန်းများ၊ အလယ်တန်းအဆင့် ပြီးမြောက်သူများ တက်ရောက်ရန် ပို၍ကျွမ်းကျင်မှု Level အဆင့်မြင့်သည့် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ၊ အထက်တန်းအဆင့် ပြီးမြောက်သူများ တက်ရောက်နိုင်မည့် စိုက်ပျိုးရေးသိပ္ပံ၊ ဒီပလိုမာသင်တန်းများကို ဒေသလိုအပ်ချက်၊ စိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်နှင့်အညီ မွေးထုတ်ပေးမည့် (TVET) သင်တန်းများကို ဖွင့်လှစ်ပို့ချပေးရန် ရှိမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က **"ပုဒ်မ (၃၄) ပုဒ်မခွဲ (က)တွင် ပါဝင်သည့် လူဦးရေသိပ်သည်းများပြားသည့် ဒေသများတွင် စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဈေးပြိုင်စနစ်ကျင့်သုံးခြင်း"** ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။ **(သတင်းစဉ်)**



ပူးတွဲပါပုံစံ

သို့

ဥက္ကဋ္ဌ

ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးကော်မတီ

------------------------------မြို့

ရက်စွဲ ၊ ၂၀၁၅ခုနှစ် လ ရက်

အကြောင်းအရာ ။ အဆိုပြု အနည်းဆုံးအခကြေးငွေ နှုန်းထားနှင့်စပ်လျဉ်း၍ ကန့်ကွက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း

| စဉ် | ကန့်ကွက်သူ/ ပြင်ဆင်ရန်အဆိုပြုသူ၏ အမည် သို့မဟုတ် အဖွဲ့အစည်း၏ အမည်၊ လိပ်စာ | လုပ်ငန်း/ဌာန | ကန့်ကွက် ပြင်ဆင်ရသည့် အကြောင်းရင်း | သတ်မှတ်လိုသည့်/ ပြင်ဆင်လိုသည့်နှုန်း |
|---|---|---|---|---|
| | | | | |

လက်မှတ် -
အမည် -
လုပ်ငန်း/ဌာန -

မိတ္တူ -
- အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ
- အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ





**နေပြည်တော် ဇွန် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇွန် ၂၇ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ရှိ အနော်ရထာခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြန်မာနိုင်ငံ၌ ပါတီစုံ ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေး စနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံအဖြစ်ရည်မှန်း ချက်ထား ဆောင်ရွက်ရာတွင် လွှတ်တော်သက်တမ်း ငါးနှစ်အတွင်း ရောက်ရှိပြီဖြစ်ပါကြောင်း။

လာမည့် နိုဝင်ဘာလဆန်း၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်၍ ရွေးကောက်ပွဲ အကြိုကာလနှင့် ရွေးကောက်ပွဲကာလအတွင်း တည်ငြိမ် အေးချမ်းမှုရှိရန် လိုအပ်ပါကြောင်း၊ ၂၀၁၅ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရန် လိုအပ်သကဲ့သို့ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်း မြင်သာမှုရှိသည့် ရွေးကောက်ပွဲ ဖြစ်ရေးအတွက် အစိုးရ၊ လွှတ်တော် နှင့် ရွေးကောက်ပွဲကော်မရှင်တို့က ဆောင်ရွက်လျက် ရှိပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံရေးပါတီ အသီးသီး မှ ကိုယ်စားလှယ်လောင်းများအပါ အဝင် ပြည်သူတစ်ရပ်လုံးက ပါဝင် ဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

ချောင်းဦးမြို့နယ် အတွင်း ရွေးကောက်ပွဲအောင်မြင်စွာကျင်းပ နိုင်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးတိုး တက်ရေးဆောင်ရွက်ကြသည့် စီမံ ခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက် ရေး အထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီများ အပါအဝင် ပါတီကိုယ်စားလှယ် လောင်းများ၊ လုံခြုံရေးတာဝန်ယူ ကြမည့်သူများ၊ ပြည်သူများကလည်း ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က ပြဋ္ဌာန်း ထားသည့် ဥပဒေနှင့်အညီ သက်ဆိုင် သူများက ပါဝင်ဆောင်ရွက်ကြရ မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက် ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင် သာယာရေးကော်မတီ နှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး များ၊ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြ ကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ တက် ရောက်လာကြသူများအား ရင်းရင်း နှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲတွင် ချောင်းဦး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောလှထွန်းက မြို့နယ် ပညာရေးကဏ္ဍအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းကို ပေးအပ် လှူဒါန်းသည်။

အလားတူ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့် အတူ ဇွန် ၂၈ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန ထီးလှိုင်ရှင်ခန်းမ၌ လည်း ကောင်း၊ မြင်းမူမြို့ရှိ မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနရွှေပြည်သစ် ခန်းမ၌ လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး တံတားဦးမြို့ရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ လည်းကောင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြော ကြားပြီး တက်ရောက်လာကြသည့် မြို့နယ်ကော်မတီများမှ တာဝန်ရှိ သူများနှင့် ဒေသခံများက ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များ အပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည် သုံးသပ်ဆွေးနွေး၍ တာဝန်ရှိသူ များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် ပေးပြီးနိဂုံးချုပ်အမှာစကားပြောကြား ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် တံတားဦးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညပိုင်းတွင် ပြန်လည် ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇွန် ၂၈ရက်နံနက်ပိုင်းတွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း ဒေသကြီး လွှတ်တော်အဆောက်အအုံ Banquest Hall ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ များနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စား လှယ်များ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများနှင့် တွေ့ရှိရသဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ကောင်းနိုးဖွယ်ရာများကို ဆွေးနွေးနိုင်မည်ဟုယုံကြည်ပါ ကြောင်း၊ ယခုအချိန်၌ ပြည်ထောင်စုလွှတ်တော်တွင် အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အလေးအနက်ထား ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အနှစ်သာရအဖြစ် မြန်မာနိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေး စနစ်ကိုအခြေခံရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က ဦးတည်ချက် (၃)ရပ်



ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းတို့မှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ် အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့် လျော်ညီစွာ ပိုမိုတည်ဆောက်နိုင်သော ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြစ်လာစေရေး၊ တိုင်းရင်းသားမျိုးနွယ်စုများအကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီ စနစ်သို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန် မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးပင် ဖြစ်ပါကြောင်း၊ မပြင်သင့်သေးသည်ကို ပြင်မိလျှင် ဦးတည်ချက်(၃)ရပ်ကို ထိခိုက်နိုင်သကဲ့သို့ ပြင်သင့်သည်ကို မပြင်မိလျှင်လည်း ဦးတည်ချက် (၃)ရပ်ကို ထိခိုက်နိုင်ကြောင်း။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ပြည်ထောင်စု လွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၄၃၆ (က)ကို မဲခွဲဆုံးဖြတ်ဆောင်ရွက်ရာတွင် ပုဒ်မခွဲ ၁ ခုသာ ၇၅ ရာခိုင်နှုန်းကျော်ပြီး ကျန် ပုဒ်မ၊ ပုဒ်မခွဲ ၅ ခုမှာ ၇၅ ရာခိုင်နှုန်းမကျော်လွန်သဖြင့် ပြင်ဆင်၍မရပါကြောင်း။

ပုဒ်မ ၄၃၆ (ခ) ပြင်ဆင်ရန် ပြည်ထောင်စုလွှတ်တော် တွင် ဆက်လက်ဆောင်ရွက်ရန် ရှိပါကြောင်း၊ တိုင်းရင်း သားအများစုတောင်းဆိုနေကြသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ တန်းတူညီမျှအခွင့်အရေးနှင့် ဗဟို ဦးစီးချုပ်ကိုင်မှုလျှော့ချရေးအတွက် လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များက ရွေးချယ် တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်သာလျှင် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ခန့်ထားရေး၊ တရားရေး အဖွဲ့အစည်းများအား လွတ်လပ်စွာ၊ တရားမျှတစွာ တရားစီရင်နိုင်သော အခြေအနေများသို့ ရောက်ရှိအောင် ဆောင်ရွက်ပေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေသော ကိုယ်စားလှယ်များ ပြန်လည်ရုပ်သိမ်းခြင်း ကိစ္စရပ်များနှင့် ရှေ့နောက် ဆက်စပ်လျော်ညီမှုမရှိသည့် ကိစ္စရပ်များ ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လာမည့်နိုဝင်ဘာလဆန်းတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အကြိုကာလနှင့် ရွေးကောက်ပွဲကာလများတွင် တည်ငြိမ် အေးချမ်းမှုရှိရေးအတွက် မြို့နယ်အလိုက်ဖွဲ့စည်းထားသည့် ကော်မတီများ၊ လူထုလူတန်းစားအသီးသီးနှင့် နိုင်ငံရေး ပါတီအသီးသီးမှ ပုဂ္ဂိုလ်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ဒေသအတွက် သာမက နိုင်ငံကောင်းကျိုးလုပ်ဆောင်နိုင်မည့်သူများကို မှန်ကန်စွာရွေးချယ်နိုင်ရန်လိုကြောင်း၊ နိုင်ငံရေးပါတီ အသီးသီးမှ ကိုယ်စားလှယ်လောင်းများ အနေဖြင့်လည်း လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲဖြစ်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ကျင့်ဝတ်များကို လိုက်နာရမည်ဖြစ် ကြောင်း၊ မိမိတို့ရောက်ရှိခိုက် လိုအပ်ချက်များကို တင်ပြပေးရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ တို့မှ တာဝန်ရှိသူများက မြို့နယ်ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက် လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးသင်းလှိုင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဝင်းမြင့်အောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးတို့က မြို့နယ်ဆွမ်းလောင်းအသင်းနှင့် လူမှုကူညီရေးအသင်းတို့အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းစီ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက် များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။**(အပေါ်ဝဲပုံ)**

**(သတင်းစဉ်)**

# ပြည်တွင်းရေးရာ

## ❐ တောင်သူလယ်သမားမှ

ဦးဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အဓိကအားဖြင့် ဥပဒေပါပြဋ္ဌာန်းထားသည့် အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သောချေးငွေနှင့် အကူအညီပေး၍ အထောက်အကူပြုရန်၊ ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့်ဈေးကွက် ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန်၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံးအထောက်အကူပြုပံ့ပိုးရန် စသည့် ရည်မှန်းချက်လုပ်ငန်းစဉ်(၅)ရပ်ကို ထိထိရောက်ရောက် ကဏ္ဍအလိုက် လက်တွေ့အကောင်အထည်ဖော်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အဓိက စားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့လယ်ယာမြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့် သီးနှံကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့်၊ သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေများ ချေးယူခွင့်၊ လယ်ယာထုတ်ကုန်များကို လွတ်လပ်စွာ သယ်ယူခွင့်နှင့် ရောင်းချခွင့်၊ လယ်ယာထုတ်ကုန်များကို အာမခံထားရှိခွင့်နှင့် တည်ဆဲဥပဒေများနှင့်အညီ တောင်သူလယ်သမားအသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်စသည့် အခွင့်အရေးများ ရရှိစေရန် ဦးဆောင်အဖွဲ့မှ ညှိနှိုင်းကူညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ထို့ပြင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရန် ဥပဒေနှင့်အညီ ဆက်စပ်ဆောင်ရွက်ပေးခြင်း၊ တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများရရှိစေရေးနှင့် မြေယာနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသော တရားမျှတမှုမရှိသည့် မြေယာသိမ်းဆည်းခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ပေးခြင်းနှင့် လယ်ယာလုပ်သားများ၏ ရထိုက်သော အခွင့်အရေးများကို အပြည့်အဝရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်းစသည့် တောင်သူလယ်သမားများ ရသင့်ရထိုက်သောအခွင့်အရေးနှင့် အကျိုးစီးပွားများကို ဦးဆောင်အဖွဲ့မှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တစ်ဖက်ကလည်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းဖြစ်စဉ်များကို ခန့်မှန်းတွက်ဆ၍ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ ကူးစက်ရောဂါဆိုင်ရာ၊ ပိုးမွှားရောဂါဆိုင်ရာနှင့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိစေရန် မီဒီယာများမှတစ်ဆင့် သတိပေးချက်များ ထုတ်ပြန်ခြင်း၊ ကွင်းဆင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီဆောင်ရွက်ခြင်းကို သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခု ၂၀၁၅ ခုနှစ် စိုက်ပျိုးရာသီတွင် အယ်လ်နီညို ရာသီဥတု၏ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားပါကြောင်း၊ ထိုအခြေအနေများကြောင့် စိုက်ပျိုးရေ၊ သောက်သုံးရေ အခက်အခဲများ ကြုံတွေ့နိုင်ပါကြောင်း၊ စိုက်ပျိုးရေသိုလှောင်မှုဖြင့် မိုးဦးရာသီစိုက်သီးနှံများ အောင်ရေရရှိမှုနှင့် ဆောင်းရာသီသီးနှံများ အစိုဓာတ်လုံလောက်မှု ရရှိစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ရန်ဖြစ်ပြီး အမျိုးသားရေသိုလှောင်ရေးလှုပ်ရှားမှု (National Water Harvesting Campaign –NWHC) တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးကုန်သွယ်မှုအခန်းကဏ္ဍဖွံ့ဖြိုးရေးနှင့် နယ်စပ်ဒေသများမှတစ်ဆင့် စနစ်တကျ ကုန်သွယ်နိုင်ရေးသည် အလွန်အရေးပါပါကြောင်း၊ ဆန်စပါးအပြင် အခြားလယ်ယာပို့ကုန်များဖြစ်သော ပဲ၊ ပြောင်း၊ နှမ်းနှင့် သီးနှံအမယ်များအား နယ်စပ်ဒေသမှ တင်ပို့ရာတွင် သိုလှောင်ရုံ အပါအဝင် အခြေခံအဆောက်အအုံများ စနစ်တကျ ရင်းနှီးမြှုပ်နှံတည်ဆောက်ထားရန် အထူးလိုအပ်လျက်ရှိနေပါကြောင်း။

သို့ပါ၍ ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့သည် ပုဂ္ဂလိက-အစိုးရ (Private-Public Partnership) အစီအစဉ်ဖြင့် နယ်စပ်ဒေသကုန်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်သည့် ကုန်သွယ်ရေးဇုန် ထူထောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအုန်းသန်းတို့က ပြဋ္ဌာန်းထားပြီးဖြစ်သော တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအား အနှစ်ချုပ်ရှင်းလင်းတင်ပြမှုနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်အဖွဲ့၏ အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဒုတိယဥက္ကဋ္ဌတို့က လယ်ယာထွက်ကုန်ပစ္စည်းများ အာမခံချက်ရရှိရေးနှင့် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ၊ ဈေးကွက်ရရှိရေးနှင့် နည်းပညာကူညီပံ့ပိုးမှုရရှိရေးကိစ္စရပ်များ၊ လယ်ယာထွက်ကုန်များအား တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ တောင်သူလယ်သမားများ၏ လက်ဝယ်သို့ ကူညီထောက်ပံ့မှုများ အပြည့်အဝရောက်ရှိရေးကိစ္စရပ်များ၊ သွင်းအားစုဆိုင်ရာများနှင့် လယ်ယာမြေ ပြန်လည်ဖော်ထုတ်ရေးဆိုင်ရာကိစ္စရပ်များ၊ တွက်ခြေကိုက်သည့် သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် မျိုးကောင်း မျိုးသန့်ရရှိစိုက်ပျိုးနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များ၊ လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

## ❖ ကျောဖုံးမှ

"ဘီလပ်မြေစက်ရုံဖြစ်တဲ့အတွက် ပတ်ဝန်းကျင်ဆိုင်ရာလေ့လာဆန်းစစ်ချက်များကို အဆင့်ဆင့်ပြုလုပ်သွားရမှာပါ။ ကျွန်မတို့ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီလက်အောက်မှာရှိတဲ့ One Stop Service စင်တာမှာ ပြည်တွင်းပညာရှင် နှစ်ယောက်နဲ့ ဂျပန်နိုင်ငံမှ ကျွမ်းကျင်သူတစ်ယောက်ပါဝင်တဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့လေးတစ်ဖွဲ့ရှိပါတယ်။ ကျွန်မတို့က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပါမစ်ရရှိထားတဲ့ ကုမ္ပဏီတွေကို Environmental Conservation and Prevention Plan (ECPP)၊ Initial Environmental Evaluation (IEE)၊ Environmental Impact Assessment (EIA)၊ Environmental Management Plan (EMP)အစရှိတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုတွေကို ပြုလုပ်ပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုတွေလုပ်တဲ့အခါမှာ လုပ်ငန်းအမျိုးအစားအလိုက်ခွဲခြားပြီး ခုနကပြောတဲ့ လေ့လာစစ်ဆေးမှုတွေထဲကမှ သင့်လျော်တဲ့ လေ့လာဆောင်ရွက်မှုတွေ သတ်မှတ်ပါတယ်"ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာသန်းသန်းသွယ်က ပြောသည်။

YTL ဘိလပ်မြေစက်ရုံသည် ဘိလပ်မြေပြုလုပ်မည့် ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ တင်သွင်းမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် ကျောက်မီးသွေးနှင့် အဆိပ်အတောက်ဖြစ်စေမည့် ဓာတုဗေဒပစ္စည်းများ လုံးဝ အသုံးပြုမည်မဟုတ်ဘဲ စက်ရုံမှအမှုန်ထွက်ရှိမှု အနည်းဆုံးဖြစ်စေမည့် နည်းပညာကို အသုံးပြုသွားမည်ဟု ဇွန်လနောက်ဆုံးပတ်က သီလဝါအထူးစီးပွားရေးဇုန်တွင် ပြုလုပ်သည့် စီမံကိန်းနှင့် ဆက်စပ်၍ပါဝင်သင့်သည့် Stakeholders များနှင့် YTL ဘိလပ်မြေကုမ္ပဏီတို့ တွေ့ဆုံပွဲမှ သိရသည်။

YTL သည် Stakeholders များထံမှ ရရှိသည့် အကြံပြုချက်များဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှုများ ဆက်လက်ပြုလုပ်မည်ဖြစ်ပြီး လာမည့် ဇူလိုင်လတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုလျော့နည်းစေရေး ဆန်းစစ်ဆောင်ရွက်နေမှုကို ဒေသခံများနှင့်တွေ့ဆုံ၍ ရှင်းလင်းသွားမည်ဖြစ်ပြီး ဒေသခံများ၏ ဝေဖန်အကြံပြုချက်များအတိုင်း ဆောင်ရွက်သွားမည်ဟု သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်အား ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး လက်ရှိတွင် YTL ဘိလပ်မြေစက်ရုံ အပါအဝင်ကုမ္ပဏီပေါင်း ၃၆ ခုရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက် (Investment Permit) ရရှိထားပြီးဖြစ်သည်။ YTL ဘိလပ်မြေစက်ရုံသည် သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်ခွင့်ရရှိပါက ထုတ်လုပ်ပြီး ဘိလပ်မြေများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်အတိုင်းအတာဆိုသည်မှာ ပတ်ဝန်းကျင်ဆိုင်ရာအချက်အလက်များ၊ ရေ၊ လေ၊ မြေ၊ လေထု၏ အရည်အသွေးများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများအား မလုပ်ခင်၊ လုပ်ပြီးနှင့်လုပ်နေဆဲ အချိန်ကာလများတွင် စစ်ဆေးတိုင်းတာမှုများပြုလုပ်ခြင်း ဖြစ်သည်။



# နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E.Mr. Sun Guoxiang အား ယနေ့နံနက် ၁၀ နာရီတွင် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E.Mr.Sun Guoxiang နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံဆက်ဆံရေးတွင် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် ကိစ္စရပ်များ၊ လော်ခီးလာဒေသတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲများအပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(မြဝတီ)**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

# အာဆီယံ – တရုတ် ကုန်သွယ်မှုအကြောင်း တစေ့တစောင်း

**ဟန်နီဝင်း**

တရုတ်နိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့တွင် ကျင်းပခဲ့သော အာဆီယံ-တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာမီဒီယာ ဆွေးနွေးပွဲကို မြန်မာကိုယ်စားလှယ် တစ်ဦးအနေဖြင့် တက်ရောက်ခွင့်ရခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲကို အာဆီယံနိုင်ငံများမှ မီဒီယာဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အာဆီယံနိုင်ငံများအပြင် ကာဂျစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့မှလည်း တက်ရောက်ခဲ့ကြပြီး စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် CAEXPO တို့က ဦးဆောင်ကျင်းပခြင်းဖြစ်ကာ အာဆီယံဒေသတွင်းနိုင်ငံများမှ မီဒီယာများကို နှစ်စဉ်ဖိတ်ကြားခဲ့သည်။ မီဒီယာလမ်းကြောင်းမှ ဆက်သွယ်ခြင်းသည် အောင်မြင်ဖြစ်ထွန်းမှုကို ပိုမိုရရှိနိုင်သည့်အတွက် ယခုကဲ့သို့ ဆွေးနွေးပွဲများကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ နှစ်စဉ်ဆွေးနွေးပွဲများမှ ရရှိလာသည့် အကြံပြုချက်များကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်းကို CAEXPO မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မစ္စစ် ယောင်ယမ်းယမ်းက ဆွေးနွေးပွဲအတွင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲကို အာဆီယံ-တရုတ်စီးပွားရေးဆိုင်ရာ မီဒီယာဆွေးနွေးပွဲခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော်လည်း ၂၀၁၆ ခုနှစ်မှစတင်၍ One Belt and One Road ဟုခေါ်ဝေါ်သည့် ပိုးလမ်းမသစ်နှင့် သက်ဆိုင်သည့် ခေါင်းစဉ်ဖြင့် ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများက တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ၊ တရုတ်နိုင်ငံက အာဆီယံနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ၊ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု CAEXPO ဆိုင်ရာအချက်အလက်များနှင့် One Belt and One Road နှင့် သက်ဆိုင်သည့် အချက်အလက်များကို ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံတွင် အာဆီယံနိုင်ငံများမှ ကုန်သွယ်မှုသည် တတိယအဆင့်တွင်ရှိပြီး တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ အာဆီယံတွင် တရုတ်နိုင်ငံနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအများဆုံးသည် မလေးရှားနိုင်ငံဖြစ်ပြီး ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဘရူနိုင်းနိုင်ငံများက အစဉ်အလိုက် ရပ်တည်လျက်ရှိကြောင်း သိရသည်။ ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန အာဆီယံရေးရာဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး မစ္စတာ ဝူဒီက တရုတ်နိုင်ငံသည် ၁၉၇၈ ခုနှစ်က စတင်ကာ တံခါးဖွင့်မူဝါဒကို စတင်ကျင့်သုံးခဲ့ပြီး ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်မှုများရရှိစေရန် ၁၉၉၈ ခုနှစ်တွင် Market Orientated Policy ကို ထပ်မံရေးဆွဲလုပ်ဆောင်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ထို့အတူ တရုတ်နိုင်ငံအနေဖြင့် လူဦးရေတိုးပွားမှု၊ စိုက်ပျိုးမြေနှင့် ရေအရင်းအမြစ်နည်းပါးလာမှုစသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝစိန်ခေါ်မှုများကို အနာဂတ်တွင် ရင်ဆိုင်ရဖွယ်ရှိကြောင်းကိုလည်း ဆွေးနွေးခဲ့သည်။

ထိုသို့ ဆွေးနွေးမှုတွင် ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်သည့် အာဆီယံအသိုက်အဝန်းနှင့် ဖွံ့ဖြိုးပြီး တရုတ်နိုင်ငံကြား ကုန်သွယ်မှုအချိုးအစားအရ မညီမျှမှုသည် လွတ်လပ်သော ကုန်သွယ်မှုဇရိယာ (Free Trade Area) ဖော်ဆောင်သောအခါ ဖွံ့ဖြိုးဆဲအာဆီယံအသိုက်အဝန်းနိုင်ငံများအတွက် ရေရှည်အကျိုးစီးပွား ဖြစ်ပေါ်နိုင်မည်လားဆိုသည့် အချက်ကို အာဆီယံမီဒီယာများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများ လွတ်လပ်သောကုန်သွယ်မှုဇရိယာ ဖော်ဆောင်နိုင်ရေးအတွက် မူအားဖြင့် သဘောတူညီမှုကို ၂၀၀၂ ခုနှစ် နိုဝင်ဘာတွင် လုပ်ဆောင်ခဲ့ပြီး ၂၀၀၄ ခုနှစ် နိုဝင်ဘာတွင် လွတ်လပ်စွာ ကုန်ပစ္စည်းကုန်သွယ်မှု သဘောတူညီချက်ကို စတင်နိုင်ခဲ့သည်။ သဘောတူညီချက်အရ တရုတ်နိုင်ငံသည် ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ကာ အာဆီယံနိုင်ငံများ၏ ၉၀ ရာခိုင်နှုန်းသော ကုန်ပစ္စည်းများအပေါ်တွင် အခွန်ကင်းလွတ်ခွင့်ပြုခဲ့ပြီး အခွန်ရာခိုင်နှုန်းအားဖြင့် ၉ ဒသမ ၈ ရာခိုင်နှုန်းမှ သုည ဒသမ ၁ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း သိရသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများက တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းများအပေါ်တွင် အခွန်ကင်းလွတ်ခွင့် ၁၂ ဒသမ ၈ ရာခိုင်နှုန်းမှ သုည ဒသမ ၆ ရာခိုင်နှုန်းအထိ ကင်းလွတ်ခွင့်ပြုခဲ့သည်။ အာဆီယံအဖွဲ့ဝင် ကျန်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများအနေဖြင့် ၂၀၁၅ ခုနှစ်အတွင်း သဘောတူညီချက်၏ ရည်မှန်းချက်များ ရရှိအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ လွတ်လပ်သော ကုန်သွယ်မှုဇရိယာ သဘောတူညီချက်အပြင် အာဆီယံနှင့် တရုတ်နိုင်ငံကြား လွတ်လပ်စွာရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်ကိုလည်း ၂၀၀၉ ဩဂုတ်လတွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ အာဆီယံဒေသတွင်းနိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုရှိသော်လည်း ကမ္ဘောဒီးယား၊ မြန်မာနှင့်လာအိုတို့မှ ရင်းနှီးမြှုပ်နှံမှုနည်းပါးကြောင်း၊ သို့သော် အာဆီယံ-တရုတ် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု ရာခိုင်နှုန်းသည် နှစ်စဉ်မြင့်တက်လျက်ရှိကြောင်းကို ကွမ်ရှီးအပြည်ပြည်ဆိုင်ရာ စီးပွားရေးတက္ကသိုလ်မှ နည်းပြဖြစ်သူ မစ္စတာဝမ်လီအိုရှားက ဆွေးနွေးခဲ့သည်။

အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပသည့် CAEXPO သည် (၁၂)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပြီး ယခုနှစ်တွင် စက်တင်ဘာလ ၁၇ ရက်မှ ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ကာ မြန်မာနိုင်ငံမှမီဒီယာများအနေဖြင့် တက်ရောက်လိုပါက liaison@caexpo.org သို့ ဆက်သွယ်နိုင်ကြောင်းကို CAEXPO မှ စီမံကိန်းမန်နေဂျာ မစ္စစ် ဂျီဂျီက ပြောကြားခဲ့သည်။

ယခုနှစ်ကျင်းပမည့် (၁၂)ကြိမ်မြောက် CAEXPO တွင် စီးပွားရေးလုပ်ငန်းများ၏ ပြပွဲများ၊ ဖိုရမ်များ၊ ကွန်ဖရင့်များနှင့် ကုန်သွယ်မှုတိုးတက်ရေးဆိုင်ရာအစီအစဉ်များ ပါရှိပြီး အာဆီယံနိုင်ငံများမှ သတင်းရယူကြမည့် သတင်းမီဒီယာသမားများအတွက် main venue များနှင့် သတင်းရယူရာတွင် အဆင်ပြေစေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နှစ်စဉ်ကျင်းပသည့် CAEXPO သို့ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်သည့်အပြင် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများလည်း တက်ရောက်ကြပြီး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ၊ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအတွက် သီးသန့်နှစ်နိုင်ငံ ဆွေးနွေးပွဲများကိုပြုလုပ်ကြကြောင်း သိရသည်။

CAEXPO ၏ country of honor အဖြစ် အင်္ဂလိပ်အက္ခရာစဉ်အတိုင်း အာဆီယံနိုင်ငံများက အလှည့်ကျဆောင်ရွက်ခြင်းကို (၄)ကြိမ်မြောက် CAEXPO ကျင်းပသည့် ၂၀၀၇ ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည်။ (၉) ကြိမ်မြောက် CAEXPO တွင် မြန်မာနိုင်ငံမှ country of honor ဆောင်ရွက်ခဲ့ကြောင်းသိရပြီး ယခုနှစ် (၁၂)ကြိမ်တွင် ထိုင်းနိုင်ငံမှ ဆောင်ရွက်မည်ဖြစ်သည်။ အလားတူ CAEXPO သို့ အထူးဧည့်သည်နိုင်ငံအဖြစ် တက်ရောက်ရန် နှစ်စဉ် ဖိတ်ကြားသည်ဟုသိရှိရပြီး ယခုနှစ်အတွက် ကိုရီးယားနိုင်ငံသည် အထူးဧည့်သည်တော်အဖြစ် တက်ရောက်မည်ဖြစ်သည်။

၂၀၁၄ ခုနှစ်က ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် CAEXPO တွင် ပြခန်းပေါင်း ၄၃၀၅၆ ခန်း၊ အာဆီယံနိုင်ငံများမှ ပြခန်းပေါင်း ၁၁၇၂၇ ခန်း၊ စီးပွားရေးလုပ်ငန်းများမှ ပြခန်းပေါင်း ၂၃၃၇၃ ခန်းနှင့် လာရောက်လေ့လာကြည့်ရှုသော ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းရှင်ပေါင်း ၄၅၄၀၆၂ ဦးရှိကြောင်းကို CAEXPO ၏အထွေထွေအတွင်းရေးမှူး မစ္စတာဝမ်လီက ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် ယခုနှစ်ကျင်းပမည့် CAEXPO တွင် "One Belt and One Road" ပိုးလမ်းမသစ်နှင့်စပ်လျဉ်း၍ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများကို ဆွေးနွေးသွားမည်ဖြစ်ပြီး ပိုးလမ်းမသစ်စတင်ရာ အမှတ်သင်္ကေတမြို့ဖြစ်သည့် အီဝူမြို့တွင် စီးပွားရေးကဏ္ဍအတွက် အချိန်ယူဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။ ပိုးလမ်းမစတင်သည့် အီဝူမြို့တွင် နိုင်ငံပေါင်း ၉၀ ကျော်က ကုန်ပစ္စည်းအမျိုးပေါင်း ၅၀၀၀၀ ကျော်ကို ကူးသန်းရောင်းဝယ်လျက်ရှိသော ကုန်သွယ်ရေးဆိုင်ရာ လက်ကားဈေးကွက်ကြီး တည်ရှိသည်။ ယင်းဈေးကွက်သည် တရုတ်နိုင်ငံ၏ ထွက်ကုန်ပစ္စည်းများ အများဆုံးတင်ပို့သည့်နေရာလည်းဖြစ်ပြီး ပြည်ပမှကုန်ပစ္စည်းများ တရုတ်နိုင်ငံအတွင်းသို့ အများဆုံးတင်ပို့ရာ နေရာဖြစ်သည်ကိုလည်း ဆွေးနွေးပွဲမှတစ်ဆင့် လေ့လာသိရှိခဲ့ရသည်။

ဆွေးနွေးပွဲအတွင်း အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို သိရှိခဲ့ရသည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားပြုမီဒီယာအချင်းချင်းသည် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ လူမှုဘဝ၊ သတင်းအချက်အလက် စသည်ဖြင့် အပြန်အလှန် ပိုမိုဖလှယ်နိုင်ခဲ့ကြသည်။

## ဒရုန်းယာဉ်များ ဈေးကွက်တွင်း အများအပြား ဝင်ရောက်

**ရန်ကုန် ဇွန် ၂၉**



ဒရုန်းယာဉ်များကို ကလေးကစားစရာအဖြစ် ဝယ်ယူအသုံးပြုမှုများပြီး ရိုက်ကူးရေးသမား တချို့လည်း ဝယ်ယူမှုရှိလာကြောင်း My Data Online Store မှ အရောင်းတာဝန်ခံ ကိုချမ်းသာက ပြောသည်။

"ဒရုန်းယာဉ်ငယ်တွေကို နွေရာသီကျောင်းပိတ်ရက်မှာ ကလေးငယ်တော်တော်များများဝယ်ကြတယ်။ တစ်လကို အစင်းတစ်ရာကျော်အထိ ရောင်းရတယ်။ အဝေးကနေ ရီမုနဲ့ ထိန်းလို့ရတယ်။ ကလေးကစားစရာဆိုပေမယ့် ပေ ၁၅၀၀ အထိ လွှတ်လို့ရတယ်။ ကျပ်ငါးသောင်းတန်အသေးပေ့ါ။ ဝေးရင်တော့ မမြင်ရမှာစိုးလို့ Controll တော့ မလွှတ်ဘူး" ဟု ၎င်းကပြောသည်။

ဒရုန်းယာဉ်ငယ်များကို Super market များတွင်ပင် ဝယ်ယူနိုင်ပါသည်။ ကလေးကစားစရာ အရွယ်အစားမှသည် ဗီဒီယိုရိုက်ကူးရေးများတွင်ပင် အသုံးပြုလာကြသဖြင့် ပြည်ပမှ တင်သွင်းသည်များရှိသလို ပြည်တွင်းတွင်လည်း စမ်းသပ်တီထွင် ထုတ်လုပ်နေကြကြောင်း သိရသည်။ လယ်ယာစိုက်ခင်းများတွင် မျှော်စင်ဖြင့် ကြည့်စရာမလိုတော့ဘဲ ဒရုန်းယာဉ်များဖြင့် ကြည့်နိုင်ပြီဖြစ်သည်။

ယခုဈေးကွက်သို့ ထပ်မံဝင်ရောက်လာသည့် ဒရုန်းများသည် တစ်မိုင်ကျော်အထိ မောင်းနှင်နိုင်ပြီး 12 Mega Pixel ကင်မရာပါရှိကာ တီဗွီငယ်တစ်လုံးကို VHF/UHF ဖရီကွန်စီဖြင့် ထိန်းနိုင်ပြီး WiFi ဖြင့်ချိတ်ဆက်ကာ ဖုန်းမျက်နှာပြင်ဖြင့်လည်း ကြည့်ကာ ထိန်းနိုင်သည်။ တန်ကြေးအားဖြင့် ကျပ် ရှစ်သိန်းဝန်းကျင်ရှိပြီး ကျပ်တစ်သိန်းကျော်တန် ဒရုန်းများမှစကာ 2 Mega Pixel မှစတင်တပ်ဆင်ထားသည်။ ကျပ်သိန်း ၃၀ ခန့်ဖြင့် ပရော်ဖက်ရှင်နယ် အသုံးပြုနိုင်သည်။

ထိုနည်းပညာပစ္စည်းဆန်းများ ပေါ်ထွက်လာသဖြင့် ယခင်က စွန်လွှတ်သကဲ့သို့ပင် ယခုလူငယ်များအကြား RC ဝါသနာရှင်များအဖွဲ့ဖွဲ့စည်းကာ ကျောင်းပိတ်ရက်များတွင် ဒရုန်းပြိုင်လွှတ်ခြင်းများအထိ ရှိလာသည်။

**(သန့်ဇင်ဝင်း)**

## ထောပတ်ပြောင်းများ ဈေးကွက်သို့ လှိုင်လှိုင်ဝင်

**ရေတာရှည် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆတ်သေကျေးရွာအုပ်စုတွင် မိုးကြိုစိုက်ပျိုးထားသော ထောပတ်ပြောင်းများ ယခုအခါ စတင်၍ ခုတ်သိမ်းကာ ဈေးကွက်သို့စတင်ရောင်းချလျက်ရှိကြောင်း တွေ့ရသည်။ ဆတ်သေ(တောင်ရွာ)၊ ဆတ်သေ(အရှေ့ကမ်း) ကျေးရွာများနှင့် ပတ်ဝန်းကျင်ဒေသများတွင် ထောပတ်ပြောင်းကို ဇကများစွာစိုက်ပျိုးကာ ထွက်ရှိသည့်ပြောင်းများအား တောင်တွင်းကြီး၊ နေပြည်တော်နှင့် မြို့နယ်တွင်းရှိ ဈေးများ၌ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"မနှစ်ကထက်စာရင် ဒီနှစ်နည်းနည်းနောက်ကျတယ်။ ဈေးကတော့ အရင်နှစ်ထက်စာရင် ဈေးကောင်းတယ်ပြောလို့ရမယ်။ ခုတောင် ဖောက်သည်တွေ အတော်ဆင်းတယ်။ လက်ရှိတော့ အဖူးတစ်ရာကို ကျပ်ရှစ်ထောင်ဈေးနဲ့ရောင်းရတယ်" ဟု ဆတ်သေ (အရှေ့ကမ်း) ကျေးရွာနေ ပြောင်းခင်းရှင်အမျိုးသမီးတစ်ဦးက ပြောသည်။

ပြောင်းစိုက်ပျိုးသည့်တောင်သူများမှာ ယခုကဲ့သို့ဈေးကွက်ကောင်းမွန်ပါက ဝင်ငွေကောင်းမွန်၍ အဆင်ပြေနိုင်ပြီး ယခင်နှစ်က ကျပ်သိန်း ၆၀ ကျော်အထိရရှိသူများပင်ရှိကြောင်း အထက်ပါအမျိုးသမီးကပင် ဆက်လက်ပြောကြားသည်။

**ကိုလွင်(ဆွာ)**



ဓမ္မသုခကန်ဦးစေတီတော်ပုံတူ။

# ဓမ္မသုခကန်ဦးစေတီတော်ကြီး(မိတ္ထီလာမြောက်ကန်တော်ကြီး) တည်ထားကိုးကွယ်မည့် မြေနေရာကို မြေသန့်စင်ခြင်းမင်္ဂလာပြုလုပ်

**မိတ္ထီလာ ဇွန် ၂၉**

ဓမ္မသုခကန်ဦးစေတီတော်ကြီး(မိတ္ထီလာမြောက်ကန်တော်ကြီး)တည်ထားကိုးကွယ်မည့် မြေနေရာကို မြေသန့်စင်ခြင်း မင်္ဂလာပြုလုပ်သည့်အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က မိတ္ထီလာမြောက်ကန်အတွင်း ကန်ပတ်လမ်းအနီးကန်ဦးထိပ်၌ ပြုလုပ်ခဲ့သည်။

ဓမ္မသုခကန်ဦးစေတီတော် တည်ထားကိုးကွယ်ရန်အတွက် မိတ္ထီလာမြောက်ကန်အတွင်းကန်ပတ်လမ်းအနီးကန်ဦးထိပ်၌ နိုင်ငံတော်သြဝါဒါစရိယဘဒ္ဒန္တလာဘာဝတနှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသုမနနှင့် ဆရာတော်ကြီးများက မြေသန့်စင်ရန်ပရိတ်တရားတော်များကို ရွတ်ဖတ်ချီးမြှင့်ခဲ့သည်။ ထိုသို့ မြေသန့်စင်ခြင်းအခမ်းအနားကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေး၊ ဦးစောငွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

အဆိုပါရွှေစည်းခုံပုံတူ ဓမ္မသုခကန်ဦးစေတီတော်ကြီး၏ အဓိပ္ပာယ်မှာ (၁)ဓမ္မ=သဒ္ဓါ-သီလ-သုတ-စာဂ-ပညာ-ဟိရိ-ဩတ္တပ္ပ(တစ်နည်း) မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားတော်၊ (၂) သုခ=ချမ်းသာရကြောင်းစေတီတော်၊ (၃) ကန်= သမိုင်းဝင် မိတ္ထီလာမြောက်ကန်တော်ကြီး၊ (၄) ဦး = ဦးထိပ်၊ အပြင်၊ အထွတ်၊ အမြတ်၊ (၅) စေတီ= လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ အားထားမှီခိုကိုးကွယ်ရာဘွဲ့တော်နှင့်အညီ ဉာဏ်တော်အမြင့် ပေ ၄၀၊ အကျယ် ၃၇ ပေရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လှိုင်းဘွဲမြို့ရပ်ကွက်တချို့ ရေကြီးနစ်မြုပ် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်

**လှိုင်းဘွဲ ဇွန် ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တောင်ကျရေများ စီးဆင်းလာမှုနှင့်အတူ လှိုင်းဘွဲမြို့ပေါ် မြေနိမ့်ပိုင်းများရှိ ရပ်ကွက်များတွင် ရေကြီးနစ်မြုပ်ခြင်းများ ဇွန် ၂၅ ရက် ညနေ ၃ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲမြို့နယ် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များက အရေးပေါ်ကြေညာချက် ထုတ်ပြန်ခဲ့ရပြီး အမှတ်(၄)ရပ်ကွက်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခု အသင့်ပြုလုပ်စီစဉ်ထားရှိခဲ့သည်ဟု သိရသည်။ ယင်းသို့ရေနစ်မြုပ်မှုကြောင့် ကယ်ဆယ်ရေးစခန်းလေးခုသို့ ရောက်ရှိလာသော အိမ်ထောင်စုပေါင်း ၇၂ စု၊ အမျိုးသား ၁၈၄ ဦး၊ အမျိုးသမီး ၂၀၅ ဦး စုစုပေါင်း ၃၈၉ ဦးတို့ကို လှိုင်းဘွဲမြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးငွေးဝင်းဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ၁၉ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က ဖိုက်ဘာစက်လှေ လေးစင်းဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ ဇွန် ၂၆ ရက်တွင် ကရင်ပြည်နယ်မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များက လှိုင်းဘွဲမြို့၏ ရေကြီးနစ်မြုပ်သော ရပ်ကွက်များနှင့် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း ကရင်ပြည်နယ်မီးသတ်ဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ သိရသည်။

လှိုင်းဘွဲချောင်းရေသည် ဇွန် ၂၅ ရက်တွင် စိုးရိမ်ရေမှတ် ၉၃၀ စင်တီမီတာ၊ ဇွန် ၂၆ ရက်တွင် ၉၂၀ စင်တီမီတာသို့ ကျဆင်းသွားရာမှ ဇွန် ၂၇ ရက် နံနက် ၇ နာရီတွင် ၉၃၀ စင်တီမီတာသို့ ပြန်လည်ရောက်ရှိလာကာ မြို့ပေါ်ရပ်ကွက်တွင် ခြောက်လက်မခန့် ထပ်တိုးလာခဲ့သည်ဟု သိရသည်။

ဇွန် ၂၈ ရက်တွင် လှိုင်းဘွဲမြို့၌ စိုးရိမ်ရေမှတ် ၉၀၀ စင်တီမီတာအောက်သို့ ကျဆင်းသွားသဖြင့် ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်း လေးခုမှ ရေဘေးသင့်ပြည်သူတချို့ ၎င်းတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**




# သေနတ်ပစ်အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် ဇွန် ၂၉**

ISSF World Cup Changwon 2015 ပြိုင်ပွဲနှင့် 28th SEA Games ပြိုင်ပွဲများတွင် ဆုရရှိခဲ့သော အောင်ပွဲရ သေနတ်ပစ်အားကစားသမားများအား မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်မှ ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇွန် ၂၆ ရက်က နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့သည်။



ISSF World Cup Changwon 2015 ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ငွေတံဆိပ်ဆုရရှိသော အားကစားသမား ရဲထွန်းနောင်အား မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်မှ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၁၅၀ကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း**(ယာပုံ)**က လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ ဂုဏ်ပြုဆုချီးမြှင့်ငွေကျပ်ငါးသိန်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း၊ 28th SEA Games ပြိုင်ပွဲမီတာ ၅၀ ဝမ်းလျားမှောက်ပြိုင်ပွဲတွင် အသင်းလိုက်ကြေးတံဆိပ်ဆုရရှိခဲ့ကြသည့် လင်းအောင်၊ ကောင်းထိုက်နှင့် ဝေယံမင်းသူတို့အား မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်မှ ဂုဏ်ပြုဆုချီးမြှင့်ငွေကျပ်သိန်း ၅၀ ကို ရန်ကုန်တိုင်းဒေသကြီး စီမံကိန်း၊စီးပွားရေးနှင့်အားကစားဝန်ကြီး ဦးသန်းမြင့်က လည်းကောင်း၊ မီတာ ၅၀ စိတ်ကြိုက်ပစ္စတိုပြိုင်ပွဲတွင် အသင်းလိုက်ကြေးတံဆိပ်ဆု ရရှိခဲ့ကြသည့် ရဲထွန်းနောင်၊ နေထက်အောင်၊ ကျော်စွာဝင်းတို့ကို မြန်မာနိုင်ငံ သေနတ်ပစ် အားကစားအဖွဲ့ချုပ်မှ ဂုဏ်ပြုဆုချီးမြှင့်ငွေ ကျပ်သိန်း ၅၀ ကို မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထက်ညီကလည်းကောင်း၊ အုပ်ချုပ်/နည်းပြများအတွက် မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀ ကို မြန်မာနိုင်ငံ သေနတ်ပစ် အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခွန်သီဟကိုကိုတို့က လည်းကောင်း ချီးမြှင့်ပေးခဲ့ကြသည်။

အဆိုပါဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ချီးမြှင့်ငွေကျပ်သိန်း ၂၈၀ နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ချီးမြှင့်ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် ၂၈၅ သိန်းဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ခင်မောင်ဝင်း)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



# ကန့်ဘလူမြို့နယ် မူးမြစ်ကူးတံတား(ကာဘိုး) ဆောက်လုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

**ကန့်ဘလူ ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာတွင် ဇွန် ၂၈ ရက်က မူးမြစ်ကူးတံတား(ကာဘိုး)အား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၃)က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် အရှိန်အဟုန်မြှင့် စက်ယန္တရားကြီးများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါတံတားသည် အရှည်ပေ ၁၂၆၀ ရှိ သံကူကွန်ကရစ်တံတားဖြစ်ပြီး ဇွန် ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ ပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။

ယင်းတံတားသည် ကန့်ဘလူမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့ကို ဆက်သွယ်ပေါင်းကူးပေးမည့် မြို့နယ်ချင်းဆက်တံတားဖြစ်ပြီး ဒေသခံများ၏ လမ်းပန်းဆက်သွယ်ရေး၊ သွားလာမှု လွယ်ကူစေရေးနှင့် ဒေသတွင်းထွက်ကုန်များ ပို့ဆောင်ရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းနှင့် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးအခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

***

# Space-X အာကာသဒုံးပျံယာဉ်ပစ်လွှတ်ပြီး နှစ်မိနစ်အကြာတွင် ပေါက်ကွဲ

**ကိပ်ကနေဗာရယ် (ဖလော်ရီဒါ) ဇွန် ၂၉**

လူလိုက်ပါခြင်းမရှိသည့် Space-X အာကာသဒုံးပျံယာဉ်သည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မှ ဇွန် ၂၈ရက်တွင် ပစ်လွှတ်ခဲ့ပြီး နှစ်မိနစ်ခန့်အကြာတွင် ပေါက်ကွဲသွားရာ နိုင်ငံတကာ အာကာသစခန်းယာဉ်အတွက် ကုန်ပစ္စည်းများတင်ပို့ရန် အသုံးပြုသော ယင်းဒုံးပျံယာဉ်ပျက်စီးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၀၈ ပေ အရှည်ရှိ ဖယ်လ်ကွန်-၉ အမျိုးအစားဒုံးပျံယာဉ်သည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အာကာသခရီးစဉ် ၁၈ ကြိမ်ပျံသန်းခဲ့ပြီး ခရီးစဉ်များအားလုံးမှာ အောင်မြင်ခဲ့သည်။

အာကာသစူးစမ်းလေ့လာရေးနည်းပညာ ကော်ပိုရေးရှင်း (Space-X)သည် အာကာသ သယ်ယူပို့ဆောင်ရေးဝန်ဆောင်လုပ်ငန်းကို လုပ်ကိုင်နေပြီး အမေရိကန် အာကာသအေဂျင်စီ(နာဆာ)နှင့် ရရှိထားသော ကန်ထရိုက်စာချုပ်အရ နိုင်ငံတကာအာကာသစခန်းယာဉ်သို့ ကုန်ပစ္စည်းများတင်ပို့ပေးရန် ခရီးစဉ်ခြောက်ကြိမ် ပျံသန်းခဲ့ပြီးဖြစ်သည်။



အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကိပ်ကနေဗာရယ် လေတပ်စခန်းမှ စတင်ပျံတက်ခဲ့ပြီး နောက်နှစ်မိနစ်ခန့်အကြာတွင် ပေါက်ကွဲခဲ့သည်။ နိုင်ငံတကာအာကာသစခန်းယာဉ်အတွက် ထောက်ပံ့ရေးပစ္စည်းပေးပို့နိုင်ရန် စေလွှတ်သည့်ခရီးစဉ်နှစ်ကြိမ်ဆက်တိုက် ပျက်ပြားခြင်းဖြစ်ကြောင်း၊ ရုရှားနိုင်ငံမှ ပရိုဂရက်စ်ကုန်တင်အာကာသယာဉ်တစ်စင်းသည် ဧပြီလက ဆိုယုဇ်ဒုံးပျံယာဉ်မတော်တဆမှုကြောင့် ခရီးစဉ်ပျက်ပြားခဲ့ရကြောင်း နာဆာအဖွဲ့တွဲဖက် အုပ်ချုပ်ရေးမှူး ဆီလ်ဂါစတန်မိုင်ယာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဇွန် ၂၈ရက်က ဒုံးပျံယာဉ်မတော်တဆမှုဖြစ်စေသော အကြောင်းတရားကို အတိအကျမသိရသေးကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **ရိုက်တာ။**

# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် ဂျပန်နိုင်ငံမှ ဟာဝိုင်ယီသို့ ထွက်ခွာ

**နာဂိုရာ ဇွန် ၂၉**

ကမ္ဘာပတ်နေသည့် ဆွစ်ဇာလန်နိုင်ငံမှ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်သည် ၎င်း၏ခရီးစဉ် အစီအစဉ်တွင် ရပ်နားဆင်းသက်ရန် မပါဝင်သည့် ဂျပန်နိုင်ငံတွင် တစ်လနီးပါးကြာ ရပ်နားပြီးနောက် အမေရိကန်နိုင်ငံ ဟာဝိုင်ယီသို့ ဆက်လက်ထွက်ခွာပျံသန်းသွားပြီဟု သိရသည်။

အဆိုပါလေယာဉ်သည် ဂျပန်နိုင်ငံအလယ်ပိုင်း နာဂိုရာလေဆိပ်မှ ဇွန် ၂၉ ရက် ညနေ ၃ နာရီခန့်တွင် ထွက်ခွာသွားခြင်းဖြစ်သည်။ လေယာဉ်မှူးများသည် ပစိဖိတ်သမုဒ္ဒရာပေါ်မှ ရာသီဥတုအခြေအနေများနှင့် ပတ်သက်၍ လေယာဉ်ပျံသန်းရေးအတွက် နှိုင်းယှဉ်လေ့လာသွားရန် စီစဉ်ခဲ့ကြသည်။ ယင်းလေယာဉ်သည် နေရောင်ခြည်စွမ်းအင်တစ်ခုတည်းကို အသုံးပြု၍ ကမ္ဘာပတ်ရန် ကြိုးစားနေခြင်းဖြစ်သည်။ တရုတ်နိုင်ငံ နန်ကျင်းမြို့မှ အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်သို့ ပျံသန်းနေစဉ် ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ဇွန် ၁ ရက်တွင် ဂျပန်နိုင်ငံ နာဂိုရာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်၏ ကမ္ဘာပတ်ခရီးစဉ်ကို ယူအေအီးနိုင်ငံမှ မတ်လအတွင်း စတင်ထွက်ခွာခဲ့ခြင်း ဖြစ်သည်။

လူတစ်ဦးတည်းထိုင်မောင်းရသည့် အဆိုပါလေယာဉ်၏ တောင်ပံများသည် ၇၂ မီတာရှိပြီး ဘိုးရင်း ၇၄၇ လေယာဉ်ကြီးများထက် ရှည်လျားသည်။ စွမ်းအင်အတွက် တောင်ပံများပေါ်တွင် နေရောင်ခြည်ပြား ၁၇၀၀၀ ခန့် အသုံးပြုထားသည်။ ပျံသန်းရေးခရီးစဉ်ချောမွေ့အဆင်ပြေမည်ဆိုလျှင် ဟာဝိုင်ယီသို့ ငါးရက်ခန့်အကြာတွင် ရောက်ရှိမည်ဟု ခရီးစဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



# စစ်ရေးလေ့ကျင့်မည့် အမေရိကန်စစ်သင်္ဘော ဂျော်ဂျီယာနိုင်ငံ ဆိပ်ကမ်းမြို့သို့ရောက်ရှိ

**ဘာတူမီ(ဂျော်ဂျီယာ) ဇွန် ၂၉**

အမေရိကန် စစ်သင်္ဘောတစ်စင်းသည် ဂျော်ဂျီယာနိုင်ငံ၏ပင်လယ်နက်ဆိပ်ကမ်းမြို့ ဘာတူမီသို့ စစ်ရေးလေ့ကျင့်ရန်အတွက်တနင်္ဂနွေနေ့တွင် ရောက်ရှိလာကြောင်း အမေရိကန်သံရုံးက ယနေ့ပြောကြားသည်။

ယူကရိန်းနိုင်ငံ၌ ပြဿနာဖြစ်ပွားနေစဉ်တွင် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)၏ ရည်ရွယ်ချက်များကို ထောက်ခံကြောင်း ဝါရှင်တန်က အချက်ပြခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန်အမှတ် (၆) ရေတပ်မှ ပဲ့ထိန်းဒုံးကျည်များ တပ်ဆင်ထားသည့် ဖျက်သင်္ဘောယူအက်စ်အက်စ်လာဘွန်းသည် ပြုလုပ်မြဲအတိုင်း ဂျော်ဂျီယာကမ်းခြေစောင့်တပ်ဖွဲ့နှင့် ပူးတွဲစစ်ရေး လေ့ကျင့်မည်ဖြစ်ကြောင်း တီဘီလီစီမြို့ရှိ အမေရိကန်သံရုံးက ပြောသည်။

ယင်းကဲ့သို့ ဆိပ်ကမ်းသို့ ရောက်ရှိလာခြင်းသည် ဂျော်ဂျီယာနိုင်ငံကဲ့သို့သော မိတ်ဆွေများ၊ နေတိုးမဟာမိတ်များနှင့် ခိုင်မာသောဆက်ဆံရေးဖြစ်စေရမည်ဟူသော အမေရိကန်ပြည်ထောင်စု၏ အာမခံချက်ကို ထပ်မံ အတည်ပြုပေးခြင်းဖြစ်ကြောင်း၊ ပင်လယ်နက်ဒေသအတွင်း လုံခြုံရေးနှင့် တည်ငြိမ်ရေးတိုးတက်လိုသောရည်မှန်းချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သံရုံး၏ ကြေညာချက်တွင် ဖော်ပြသည်။

မော်စကိုက ကိုယဗ်၏ခရိုင်းမီးယားကိုသိမ်းယူလိုက်ခြင်းနှင့် ယူကရိန်းခွဲထွက်ရေးသူပုန်များအား ထောက်ခံခြင်းတို့သည် ၂၀၀၈ ခုနှစ်၌ ရုရှားနှင့် ကာလတို စစ်ပွဲတစ်ပွဲတိုက်ခဲ့သည့် ဂျော်ဂျီယာကို သတိပေးလိုက်ခြင်းဖြစ်သည်။

ဂျော်ဂျီယာကနေတိုးနှင့် ဥရောပသမဂ္ဂတို့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန်ကြိုးပမ်းမှုသည် ရုရှားနိုင်ငံအား ဒေါသထွက်စေခဲ့သည်။ နေတိုးက ယခင် ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်ခဲ့သော နိုင်ငံများနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို ရုရှားက ခါးခါးသီးသီးဆန့်ကျင်သည်။ **ရိုက်တာ။**



# မလေးရှားဝန်ကြီးချုပ်နာဂျစ် ကိုယ်တွင်းအင်္ဂါလှူဒါန်းမည်ဟုဆို

**ကွာလာလမ်ပူ ဇွန် ၂၉**

မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ်ရာဇတ်သည် ကိုယ်တွင်းအင်္ဂါများ လှူဒါန်းရန် အခိုင်အမာကတိကဝတ်ပြုလိုက်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနူးဟီဇမ်အဗ္ဗဒူလာ၏ ပြောကြားချက်အရ သိရသည်။

မလေးရှားဝန်ကြီးချုပ်ကို စံနမူနာယူကာ အခြားအစိုးရတာဝန်ရှိသူအချို့ကလည်း ၎င်းတို့၏ကိုယ်တွင်းအင်္ဂါများအား လှူဒါန်းမည်ဟု ကတိပြုခဲ့ကြောင်း ၎င်းကပြောကြားသည်။

ကိုယ်တွင်းအင်္ဂါလှူဒါန်းမှုကိုထောက်ခံမှုပေးခဲ့သည့် အစိုးရတာဝန်ရှိသူများအား ကျန်းမာရေးဝန်ကြီးဌာနက ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ပြီး အများစုသော မလေးရှားနိုင်ငံသားများအနေဖြင့်လည်း ကိုယ်တွင်းအင်္ဂါ အစားထိုးကုသရန် လိုအပ်ချက်အတွက် ကုသိုလ်ဖြစ်



လှူဒါန်းမှုများ ပြုလုပ်ကြလာလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

မလေးရှားဝန်ကြီးချုပ်၏ လုပ်ဆောင်မှုသည် လတ်တလောတွင် ကိုယ်တွင်းအင်္ဂါများ အစားထိုးကုသရန် စောင့်ဆိုင်းနေသည့် လူနာဦးရေ ၁၉၀၀၀ တို့အတွက် မျှော်လင့်ချက်များကို ဆောင်ယူလာကြောင်းသတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# အာရပ်စော်ဘွားများပြည်ထောင်စုက အမေရိကန်ကျောင်းဆရာမအား သတ်ဖြတ်သူအမျိုးသမီးကို ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ချမှတ်

**အာဘူဒါဘီ ဇွန် ၂၉**

အာရပ်စော်ဘွားများပြည်ထောင်စု၏တရားရုံးတစ်ခုက ယမန်နှစ်နှောင်းပိုင်းတွင် အမေရိကန်ကျောင်းဆရာမတစ်ဦးအားသတ်ဖြတ်ခဲ့သူ အမျိုးသမီးတစ်ဦးကို ဇွန် ၂၉ရက်က ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ရေးသားဖော်ပြသည်။

အသက်၃၀နှစ်အရွယ် အလာဘာဒါ အဗ္ဗုလာအယ်လ်ဟာရှီမီသည် ယမန်နှစ်ဒီဇင်ဘာ ၁ ရက်က အာဘူဒါဘီမြို့ အယ်လ်ရိမ်းကျွန်းရှိ ဘိုးတစ်ခ်ကုန်တိုက်တစ်ခု၏ ရေချိုးခန်းထဲတွင် အသက် ၃၇ နှစ်အရွယ် အမေရိကန်ကျောင်းဆရာမတစ်ဦးအား ဓားဖြင့်ထိုးသတ်ခဲ့မှုဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်ဟု နေရှင်နယ် နေ့စဉ်သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

ထို့ပြင် ဟာရှီမီသည် လူပေါင်းများစွာအား သတ်ဖြတ်ရန်ရည်ရွယ်ပြီး ဖောက်ခွဲရေးပစ္စည်းများ တီထွင်ဖန်တီးမှု၊ အကြမ်းဖက်သမားများ၏လှုပ်ရှားမှုမြှင့်တင်ရေးအတွက် အွန်လိုင်းအကောင့်များဖန်တီးမှုနှင့် အကြမ်းဖက်မှုဆိုင်ရာ အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့ပေးမှု စသည့် ပြစ်မှုများကိုလည်း ကျူးလွန်ထားကြောင်း တွေ့ရှိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စုသည် ရာဇဝတ်မှုနည်းပါးပြီး နိုင်ငံရေးနှင့် လူမှုရေးတွင် တည်ငြိမ်အေးချမ်းသောနိုင်ငံတစ်နိုင်ငံအဖြစ် မှတ်ယူခြင်းခံထားရသဖြင့် ယခုကဲ့သို့ တရားခံတစ်ဦးအပေါ် ပြစ်ဒဏ်ချမှတ်မှုနှင့်ပတ်သက်ပြီး နိုင်ငံတကာ၏ စိတ်ဝင်စားမှုကို ဖြစ်ပေါ်စေခဲ့သည်။ **ဆင်ဟွာ။**

# နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုထက်အောင်မြင်မှုရရှိရန် ပံ့ပိုးကူညီမှုများလိုအပ်

သတင်း-ရန်နိုင်၊ ဓာတ်ပုံ-စိုးညွန့်

(၂၈)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကို စင်ကာပူနိုင်ငံတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ မြန်မာအားကစားအဖွဲ့များမှာ မျှော်မှန်းထားသည့် ရွှေဆုအရေအတွက် မရရှိခဲ့သော်လည်း အားကစားအဖွဲ့အများစုမှာ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည်။



ရွှေဆွတ်ခူးခဲ့သည့် မြန်မာခြင်းလုံးအသင်းယှဉ်ပြိုင်ဟန်။

(၂၈)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များမှာ ရွှေ၁၂ခု၊ ငွေ၂၆ခု၊ ကြေး၃၁ခု ဆွတ်ခူးရရှိကာ နိုင်ငံအလိုက်အဆင့်ခုနစ်နေရာရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့အတွက် ရွှေဆုများကို ခြင်းလုံး၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ လှေလှော်၊ ဂျူဒိုနှင့် ဘိလိယက်အားကစားနည်းတို့မှ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့မှာ ရွှေဆုအရနည်းခဲ့သော်လည်း မြန်မာ့ရိုးရာအားကစားနည်း စစ်စစ်ဖြစ်သည့် ခြင်းလုံးအားကစားနည်းမှ ရွှေနှစ်ခုစလုံးရယူနိုင်ခဲ့သည်မှာ ဂုဏ်ယူစရာကောင်းလှသည်။ ခြင်းလုံးပြိုင်ပွဲကို ပိုက်ကျော်ခြင်း အားကစားနည်းနှင့်အတူ ကျင်းပခဲ့ခြင်းဖြစ်ပြီး ခြင်းလုံးပြိုင်ပွဲ၌ ပြိုင်ပွဲအမျိုးအစားလေးမျိုးကျင်းပသော်လည်း တစ်နိုင်ငံလျှင် နှစ်မျိုးသာ ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာခြင်းလုံးအသင်းမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့် ပြိုင်ပွဲနှစ်မျိုးစလုံးတွင် ရွှေနှစ်ခုရအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ရိုးရာအားကစားနည်း ဖြစ်သော်လည်း ပြိုင်ဘက်နိုင်ငံများ၏ တိုးတက်လာမှုကြောင့် မြန်မာခြင်းလုံးအသင်းမှာ အမှားအယွင်းမရှိ ခတ်ကစားနိုင်ခဲ့မှုကြောင့်သာ ယခုလို ရွှေတံဆိပ်များ ရရှိခဲ့ခြင်းလည်းဖြစ်သည်။ ၂၀၁၃ခုနှစ် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့်အတူ စတင်ပေါက်ဖွားလာသည့် ခြင်းလုံးအားကစားနည်းမှာ ဆီးဂိမ်းပြိုင်ပွဲတွင် ပုံမှန်ပါဝင်လာမည့် အားကစားနည်းတစ်ခု ဖြစ်လာဖွယ်ရှိနေသည်။

ခြင်းလုံးပြိုင်ပွဲနှင့်အတူ ကျင်းပခဲ့သည့်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းမှာ ရွှေတစ်ခု၊ ငွေသုံးခု ရရှိခဲ့သည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ ရွှေဆုကို အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ငွေဆုများကို အမျိုးသားနှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲများ၌ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ခြင်းလုံး၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများမှ ရွှေသုံးခု၊ ငွေသုံးခုအထိ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

စင်ကာပူဆီးဂိမ်းပြိုင်ပွဲကြီးက ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ အောင်မြင်မှုရရှိခဲ့သော အားကစားအဖွဲ့များရော အောင်မြင်မှုမရရှိခဲ့သည့် အားကစားအဖွဲ့များပါ ရှေ့ဆက်ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် ဆက်လက်ပြင်ဆင်ပြီး ယခုထက် အောင်မြင်မှုရရှိရန် သက်ဆိုင်ရာအဖွဲ့ချုပ်အလိုက် ကြိုးပမ်းကြရမည်ဖြစ်သလို နိုင်ငံတော်အနေဖြင့်လည်း အားကစားနည်းအလိုက် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ပိုမိုဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။



# ဥရောပ ယူ-၂၁ ချန်ပီယံရှစ် ဗိုလ်လုပွဲ ပေါ်တူဂီနှင့် ဆွီဒင်တွေ့မည်

ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ပေါ်တူဂီ ယူ-၂၁ အသင်းသည် ဂျာမနီ ယူ-၂၁ အသင်းအား ငါးဂိုးပြတ်အနိုင်ရရှိကာ ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ပေါ်တူဂီ ယူ-၂၁ အသင်းသည် ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲအဖြစ် ဇွန် ၃၀ ရက်တွင် ပါရာဂွေးမြေ၌ ဆွီဒင် ယူ-၂၁ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆွီဒင် ယူ-၂၁ အသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဒိန်းမတ် ယူ-၂၁ အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျာမနီ ယူ-၂၁ အသင်းသည် ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၁၅ ပွဲအထိ ဆက်တိုက်နိုင်ပွဲရရှိခဲ့သော်လည်း ယခု ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပေါ်တူဂီအသင်းအား ငါးဂိုးပြတ်ရှုံးနိမ့်ခဲ့မှုကြောင့် ဂျာမနီ ယူ-၂၁ အသင်းအတွက် ကြီးမားသောရှုံးနိမ့်မှုပင်ဖြစ်သည်။

ပေါ်တူဂီ ယူ-၂၁ အသင်းမှာမူ ၁၉၉၄ ခုနှစ်က အီတလီ ယူ-၂၁ အသင်းအား ဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း ယခု ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ၏ အုပ်စုအဆင့်တွင် အီတလီနှင့် အင်္ဂလန်တို့ကို ကျော်ဖြတ်ကာ အုပ်စုပထမနေရာဖြင့် ဆီမီးဖိုင်နယ်တက်လှမ်းခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင်လည်း ဂျာမနီ ယူ-၂၁ အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲတွင် ဆွီဒင် ယူ-၂၁အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပေါ်တူဂီ ယူ-၂၁ အသင်းမှာ ဗိုလ်စွဲရန် ရေပန်းစားနေသည့်အသင်းဖြစ်သည်။ [ငွေကြယ်]

# ကိုလံဘီယာတိုက်စစ်မှူး ဂျက်ဆင်မာတီနက်ဇ် ပေါ်တိုမှ အက်သလက်တီကိုမက်ဒရစ်သို့ ပြောင်းရွှေ့



ပေါ်တိုအသင်းမှ ကိုလံဘီယာတိုက်စစ်မှူး ဂျက်ဆင်မာတီနက်ဇ်သည် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

အာဆင်နယ်အသင်းသည် ပေါ်တိုတိုက်စစ်မှူး မာတီနက်ဇ်အား ခေါ်ယူရန် ချိတ်ဆက်မှုများ ပြုလုပ်ခဲ့သော်လည်း ဂျက်ဆင်မာတီနက်ဇ်အနေဖြင့် အာဆင်နယ်သို့ ပြောင်းရွှေ့ရန် ဆန္ဒမရှိဘဲ အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန်ဆန္ဒရှိကြောင်း ကိုလံဘီယာအသင်းက အာဂျင်တီးနားအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည့် ကိုပါအမေရိကဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျက်ဆင်မာတီနက်ဇ်သည် ၂၀၁၂ ခုနှစ်အတွင်းက ပေါ်တိုအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ပေါ်တိုအသင်းတွင် ပွဲပေါင်း ၉၀ အထိ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၆၇ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

နည်းပြ ဆီမြူနီ၏ အက်သလက်တီကိုမက်ဒရစ်အသင်းသည် ခရိုအေးရှားတိုက်စစ်မှူး မန်ဇူကစ်အား အီတလီ စီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းသို့ ရောင်းချခဲ့ပြီးနောက် အဆိုပါတိုက်စစ်မှူး မန်ဇူကစ်နေရာတွင် အစားထိုးရန် ပေါ်တိုတိုက်စစ်မှူး မာတီနက်ဇ်အား ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဂျူဗင်တပ်အသင်းသည်လည်း အာဂျင်တီနားကလပ် ဘိုကာဂျူနီယာအသင်းသို့ ပြောင်းရွှေ့သွားခဲ့သည့် တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်နေရာတွင် အစားထိုးရန်အတွက် တိုက်စစ်မှူး မန်ဇူကစ်အား အီတလီမြေအရောက်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ [ငွေကြယ်]

ချီလီကွင်းလယ်ကစားသမားဗီဒယ်လ်အား ပရီမီယာလိဂ်အင်အားကြီးအသင်းများဖြစ်သည့်အာဆင်နယ်နှင့် မန်ယူ နှစ်သင်းစလုံးက ခေါ်ယူရန်အပြိုင်ချိတ်ဆက်ကမ်းလှမ်းနေသော်လည်း ကစားသမားကိုယ်တိုင်က အာဆင်နယ်သို့ပြောင်းရွှေ့ရန် ရွေးချယ်ခဲ့သည်ဟု ချီလီမှလာသော သတင်းများ၌ဖော်ပြသည်။ ချီလီအသင်းနှင့်အတူ ကိုပါအမေရိကဖလား ဝင်ရောက်ယှဉ်ပြိုင်နေသည့် ဗီဒယ်လ်သည် ဂျူဗင်တပ်မှထွက်ခွာကာ အာဆင်နယ်သို့ ပြောင်းရွှေ့ကြေးပေါင် ၂၁ သန်းဖြင့်သွားရောက်ကစားရန် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်ဟု ချီလီသတင်းစာလာစတန်ပါ၌ ဖော်ပြသည်။

# ဗီဒယ်လ်လုပွဲတွင် အာဆင်နယ်က မန်ယူကိုအနိုင်ယူ



ချီလီအသင်းခေါင်းဆောင် ဗီဒယ်လ်နှင့် အာဆင်နယ်တောင်ပံတိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်တို့ကြား နီးကပ်သည့်ဆက်ဆံရေးက ဗီဒယ်လ်အနေဖြင့် အာဆင်နယ်ကိုသာ ရွေးချယ်စေခဲ့သည့် အဓိကအကြောင်းအရင်းဖြစ်လာခဲ့သည်။

"ဗီဒယ်လ်နဲ့ ကျွန်တော့်ကြားမှာ တစ်ယောက်ကိုတစ်ယောက် ပြောစရာမလိုအောင်ရင်းနှီးတဲ့ဆက်ဆံရေးရှိပြီးသားပါ။ သူက ပွဲတိုင်းကို အာရုံစူးစိုက်မှုအပြည့်နဲ့ ချဉ်းကပ်ကစားတတ်တဲ့သူဖြစ်ပါတယ်။ ဒါကြောင့်သူက ဘယ်မှာပဲ ကစားကစား အောင်မြင်အောင် လုပ်ဆောင်နိုင်တာချည်းဖြစ်ပါတယ်" ဟု ဆန်းချက်ဇ်က ဗီဒယ်နှင့် ပတ်သက်၍ သူ၏အမြင်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင်ဗီဒယ်လ်သည် ကိုပါအမေရိကပြိုင်ပွဲကာလအတွင်း အရက်သေစာသောက်စား၍ ယာဉ်မတော်တဆဖြစ်ခဲ့မှုကြောင့် ဝေဖန်မှုများကို ရင်ဆိုင်နေရသူလည်းဖြစ်သည်။အသက်(၂၉)နှစ်အရွယ်ရှိဗီဒယ်လ်ကို ဂျူဗင်တပ်က လက်လွှတ်မခံလိုသော်လည်း ကစားသမားကိုယ်တိုင်က စိန်ခေါ်မှုအသစ်များကို အလိုရှိသောကြောင့် အီတလီပြင်ပကလပ်များသို့ ပြောင်းရွှေ့ချင်သည်ဟု ဘောလုံးရာသီမကုန်ဆုံးမီကပင် အတိအလင်းပြောကြားခဲ့ပြီးဖြစ်သည်။ [မေလှဲ့သင်း]

## ရခိုင်ပြည်နယ် သံတွဲမြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီး၊ ရေလျှံမှုများ လျော့ကျသွားပြီဖြစ်သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

**စစ်တွေ ဇွန် ၂၉**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်တွင် လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဇွန် ၂၅ ရက်တွင် ချောင်းရေများ အဆက်မပြတ်ဝင်ရောက်လာသဖြင့် မြေနိမ့်ပိုင်း ရပ်ကွက်များ၌ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အံတော်ဘုန်းတော်ကြီးကျောင်း၊ မြို့တော်ဦးဘုန်းတော်ကြီးကျောင်း၊ ဆံတော်တောင်ခြေရှိ ဓမ္မာရုံတို့၌ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိကာ ယင်းကယ်ဆယ်ရေး စခန်းများ၌ အိမ်ထောင်စု ၆၉ စု၊ လူဦးရေ ၂၂၃ ဦးတို့အား ရွှေ့ပြောင်းထားရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မိုးရွာသွန်းမှုလျော့နည်းသွားပြီး သံတွဲချောင်းရေကျဆင်းကာ မြို့ပေါ်ရပ်ကွက်များတွင် ရေကြီး၊ ရေလျှံမှုကျဆင်းသွားပြီဖြစ်သဖြင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင် ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများစုပေါင်း၍ အမှိုက်သရိုက်၊ ရွှံ့ညွန်နုန်းမြေများရှင်းလင်းခြင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျမှုများကို ပြန်လည်ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်လျက်ရှိသည်။



အလားတူ မိုးသည်းထန်စွာရွာသွန်း၍ အမ်းချောင်း ရေလျှံတက်မှုကြောင့် အမ်းချောင်းကမ်းနားရှိ လူနေအိမ်များ၊ အမ်းမြို့အနီး လေးမိုင်ခန့်ကွာဝေးသောနေရာရှိ လူနေအိမ်များ ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီး လက်ရှိအခြေအနေတွင် မိုးရွာသွန်းမှုလျော့နည်းသွားပြီဖြစ်သဖြင့် ရေကြီး၊ ရေလျှံမှုကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ရေကြီးမှုများကြောင့် လမ်းပျက်စီးမှုများဖြစ်သည့်အတွက် မြို့တွင်းသွားလာသည့် ယာဉ်များ၊ အဝေးပြေးမော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍မရသေးကြောင်းနှင့် အမ်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-စစ်တွေကားလမ်းမကြီး၊ အမ်း-မင်းဘူး မိုင်တိုင်အမှတ်(၆၂/၅) အမ်းတောင်အုပ်စု ပိန်းရေစမ်းကျေးရွာနှင့် ကန်မြင်းကန်ကျေးရွာကြား၌ အလျားပေ ၁၅၀၊ အနံပေ ၂၀ ခန့် ကားလမ်းမြေပြိုမှုဖြစ်ပွားခဲ့ရာ လမ်းအထူးအဖွဲ့(၁၆)မှ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

အလားတူ တောင်ကုတ်မြို့နယ်တွင် ဇွန် ၂၄ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုလျော့နည်းသွားပြီဖြစ်သဖြင့် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း သိရှိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၂၉**

(၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမ မြောက်နေ့ကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များက သတ်မှတ်နေရာများအလိုက်ခင်းကျင်းပြသထားသည့်ကျောက်စိမ်းတွဲများကို လွတ်လပ်စွာကြည့်ရှုလေ့လာကြပြီး နှစ်သက်ရာကျောက်စိမ်းတွဲများအား တင်ဒါတင်သွင်းကြသည်။**(အောက်ပုံ)**

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းထွန်းအောင် နှင့် ကော်မတီဝင်များက ပြပွဲအတွင်းကျောက်စိမ်းတွဲများအား တင်ဒါစနစ်ဖြင့် ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြပွဲတွင် ယမန်နေ့က တင်ဒါတင်သွင်းခဲ့သည့် မြန်မာ့ကျောက်စိမ်းတွဲ (၈၀၇)တွဲကို တင်ဒါစနစ်ဖြင့်ရောင်းချခဲ့ပြီး ကျောက်စိမ်းတွဲ အမှတ် (၂၉၀၁ မှ ၄၃၅၀ ထိ)ကို ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



## ဇွန် ၂၉ ရက် တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧည့်မထ(ဆန်) / ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၉၄၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၃၀၀၀ |
| ၉ | ဆွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၁၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၉၀၀၀ မှ ၈၂၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၃၀၀၀ မှ ၈၀၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၅၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၀၀၀၀ မှ ၁၉၀၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၇၅၀၀၀ မှ ၇၆၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၀၀၀၀ မှ ၁၀၅၀၀၀ |
| ၁၉ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၀၀၀၀ မှ ၁၃၀၀၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၅ မှ ၆၅၀ |
| ၂၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၇၅ မှ ၂၀၂၅ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၂၀၀၀ မှ ၅၀၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၉၀၀၀ |
| ၂၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၃၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

## ပစ္စည်းယူလုသတ်မှုကျူးလွန်သူများအား မင်္ဂလာတောင်ညွန့်ရဲတပ်ဖွဲ့က ၂၃ နာရီအတွင်း ဖမ်းဆီးနိုင်

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်တွင်(၈၇)နှစ် အရွယ် အဘိုးအိုတစ်ဦးထံမှ ပစ္စည်းယူ လုသတ်ခံရမှုတစ်ခုအား ဇွန် ၂၇ ရက် ညနေက ဖြစ်ပွားခဲ့ရာ တာဝန်သိပြည်သူများ၏ သတင်းပေးပို့ပူးပေါင်း ဆောင်ရွက်မှုကြောင့် အခင်း ဖြစ်ပွားပြီး ၂၃ နာရီအကြာ ပြစ်မှုကျူးလွန်သူ လေးဦးစလုံးကို လုယက်ယူဆောင်သွားသော ငွေ၊ ရတနာကျောက်အနည်းငယ်၊ သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ **(အောက်ပုံ)**

ဇွန် ၂၇ ရက် ညနေ ၆ နာရီခွဲခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် (၁၁၃) လမ်းတွင် နေထိုင်သူ အထည်ချုပ်လုပ်ငန်း ဦးစီးလုပ်ကိုင်နေသည့် ဦးကရင်ကျော်ငြိမ်း (၈၇)နှစ်အား နေအိမ်တွင် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သိရသဖြင့် အခင်းဖြစ်ပွားရာသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင်၊ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းဦးနှင့် ရဲတပ်ဖွဲ့ဝင်တို့ ပူးပေါင်းပြီး စစ်ဆေးမှုများပြုလုပ်ရာ အခင်းဖြစ်ပွားပြီး ၂၃ နာရီအကြာတွင် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများမှာ သယ်န်းကျွန်းမြို့ (က)ရပ်ကွက် တိုးချဲ့(၄)လမ်းနေ ချစ်ထိုက်အောင်(ခ)ဖိုက်ဇဲ(ခ)အကို (၁၆)နှစ်၊ သယ်န်းကျွန်းမြို့(ဃ)ရပ်ကွက် နတ်စင်လမ်းနေ မျိုးဝင်း(ခ)အီစမိုင်(ခ)ကြွက်(၁၆)နှစ်၊ သယ်န်းကျွန်းမြို့(က)ရပ်ကွက် စကားဝါလမ်းနေ အောင်မျိုးဝေ(၁၇)နှစ်၊ သယ်န်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက် ရန်အေးလမ်းနေ အောင်မျိုးဇော်(ခ)သိုင်းဆရာ(၂၀)နှစ်တို့ လေးဦးဖြစ်သည်။

**(တိုင်းဒေသကြီးရဲတပ်ဖွဲ့)**



# မဲဇာကျေးရွာတွင်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**အင်းတော် ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာကျေးရွာတွင် ဇွန် ၁၈ ရက်မှ စတင်ကာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနေပြီး ထပ်မံမဖြစ်ပွားစေရန် ခြင်းဆေးဖြန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စသည့်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ် မဲဇာကျေးရွာတွင် သွေးလွန်တုပ်ကွေးရောဂါ တားဆီးနှိမ်နင်းရေးနှင့် ထပ်မံမဖြစ်ပွားစေရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်လင်းတို့ ဦးဆောင်ပြီး နယ်မြေခံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး ခြင်ဆေးဖြန်းခြင်း၊ ရေတွင်းရေကန်များကို ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်လင်းက "ကျွန်တော်တို့ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးစတင်ဖြစ်ပွားနေတဲ့ မဲဇာကျေးရွာတစ်ခုလုံးကို ထပ်မံမဖြစ်ပွားစေဖို့ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းတွေကို ဇွန် ၂၇ ရက်မှာ အိမ်ခြေ ၂၀၀ လောက်မှာ ဆောင်ရွက်ခဲ့တယ်။ ဇွန် ၂၈ ရက်မှာ အိမ်ခြေ ၄၀၀ လောက်ကို ခြင်ဆေးဖြန်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

**ကိုနိုင်(အင်းတော်)**

## ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

**ပဲခူး ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် ငါးမိုင်အကွာ ကြို့ရသာရွာနှင့် ဇလေ့ဘင်ရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကို ဇွန် ၂၇ ရက်က 200 KV ထရန်စဖော်မာရှေ့တွင် ကျင်းပရာ ပေါင်းလည်မြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်ဝေက ကျေးရွာမီးလင်းနိုင်ရေးအတွက် စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် တိုင်းစက်မှုလက်မှုနှင့် လျှပ်စစ်ဝန်ကြီး ဦးဘေဘီအုန်း၊ ပြည်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး၊ ပြည်ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလွင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးဇေညီညီနိုင်တို့က အမှာစကားပြောကြားခဲ့သည်။

အဆိုပါ ကြို့ရသာနှင့် ဇလေ့တင်ရွာ နှစ်ရွာမီးလင်းနိုင်ရေးအတွက် ရွာသူရွာသားများထည့်ဝင်လှူဒါန်းငွေအပြင် မတည်အလှူရှင် ဒေါက်တာယဉ်ဝေလွင်၊ ဆရာဦးစိန်ခို ဆေးဝါးထုတ်လုပ်ရေးမှ ကျပ်သိန်း ၅၀၊ ဦးဇော်ဝင်း-ဒေါ်ခင်ဌေးရီ (ဇော်ထက်ပွဲရုံ-ပြည်မြို့)မှ ကျပ် ၄၅ သိန်း၊ ဦးတင်ဟန်-ဒေါ်ရင်မေသန်း (တင်ဇော်ရောင်းဝယ်ရေး-ပြည်မြို့) မှ ကျပ် သိန်း ၂၀ လှူဒါန်းငွေများဖြင့် 200 KVA ထရန်စဖော်မာအပါအဝင် ကျပ်သိန်း ၃၈၀ ဖြင့် နှစ်ရွာပေါင်းအိမ်ခြေ ၁၃၀ အား မီးလင်းနိုင်ခဲ့သည်။

**အောင်(ဓာတုဗေဒ)**

## တစ်ပိုင်တစ်နိုင်သက်မွေးလုပ်ငန်း စက်ချုပ်သင်တန်းဖွင့်

**မိုင်းဆတ် ဇွန် ၂၉**

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ပိုင်တစ်နိုင် သက်မွေးလုပ်ငန်းများဆောင်ရွက်နိုင်စေရေးအတွက် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကြောင်းအထောက်အကူပြု မော်တာစက်ချုပ်သင်တန်းအမှတ်စဉ် (၁/၂၀၁၅)ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၈ နာရီက ကျဒယ်ကျေးရွာခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းဆရာမများနှင့် သင်တန်းသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအောင်လွင်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသူ မနာလောဘိုက "သမီးတို့လို တိုင်းရင်းသူများကို အခုလို အသက်မွေးဝမ်းကြောင်းမှုနဲ့ဆိုင်တဲ့ မော်တာစက်ချုပ်ပညာကို တတ်မြောက်အောင်သင်ကြားပေးမယ့်အပြင် တစ်နေ့ကို နေ့တွက်ကျပ် ၂၀၀၀ ကိုလည်း ထောက်ပံ့ပေးအုံးမယ်ဆိုတာသိရလို့ အတိုင်းမသိဝမ်းသာမိပါတယ်။ သင်တန်းက သင်ကြားပို့ချပေးတဲ့ ပညာများကို ကြိုးစားသင်ယူပြီး သမီးတို့ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားသွားပါ့မယ်"ဟု ယင်းအခမ်းအနားတွင် ပြောသည်။

အဆိုပါသင်တန်းသို့ တပ်ရင်းတပ်ဖွဲ့များနှင့် ကျေးရွာအုပ်စုများမှ သင်တန်းသူ ၃၀ ဦး တက်ရောက်ပြီး နည်းပြဆရာမခုနစ်ဦးဖြင့် တစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ပြောပြချက်အရ သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

## ညောင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း (ခွဲ) အဆင့်တိုးမြှင့် ဖွင့်လှစ်

**တောင်တွင်းကြီး ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဆူးကောက်ကြီးအုပ်စု ညောင်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစောဝင်းမောင်က ပညာရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကာ ကျောင်းအဆင့်တိုးမြှင့်ခြင်းအထိမ်း အမှတ်အလံများကို အုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ရှိသူများထံပေးအပ်ခဲ့သည်။

အဆိုပါစာသင်ကျောင်းဖွင့်လှစ်ပေးခဲ့သဖြင့် ကျောင်းသား၊ ကျောင်းသူများ အခြေခံပညာမူလတန်းကို မိမိတို့ကျေးရွာ၌ပင် အေးချမ်းစွာ ပညာသင်ကြားနိုင်ပြီဖြစ်သည်။

**နိုင်ဝင်း**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန အင်းစိန်မြို့နယ် ခရိုင်စာကြည့်တိုက်သို့ ဇွန် ၂၇ ရက် နံနက် ၉ နာရီက ဒေါက်တာသန့်သော်ကောင်း၊ ဆရာမမြစန်းငြိမ်း ဦးဆောင်၍ Beyond Access Myanmar Preyecf မှ တာဝန်ရှိသူများ၊ IREX နှင့် MBAPF တာဝန်ရှိသူများ၊ စာကြည့်တိုက်မှူးများ စုစုပေါင်း ၁၂ ဦးပါအဖွဲ့သည် စာကြည့်တိုက်တွင် Project မှ လှူဒါန်းထားသော Tablets များ အသုံးပြုမှု စာဖတ်သူများ၊ စာငှားသူများ၏ လိုအပ်ချက်များကို တွေ့ဆုံမေးမြန်းခဲ့ကြသည်။

သတင်းနှင့် ဓာတ်ပုံ - မျိုးသန့်(အင်းစိန်)




## ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒုရဲမှူး ဦးသန်းလွင်(ငြိမ်း)နှင့် ချစ်မေမေ ဒေါ်အေးအေးထွန်းတို့၏ ၃၀-၆-၂၀၁၅ ရက်တွင် ကျရောက်သော နှစ် (၃၀) ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ချစ်သားသမီးများနှင့်အတူ ပျော်ရွှင်စွာနေနိုင်ပြီး အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်ပါစေ။

ချစ်သမီး - မသဲဆုနှင်းမြတ်လွင် **(Sun Pharma)**
ချစ်သား - မောင်ဟိန်းဇာဏီလွင် **(KBZ Bank)**

English Speaking
U WIN MAW(PES)

(၄-လ)အတွင်း ကျွမ်းကျင်စွာ ပြောနိုင်ရမည်။
အမှတ်(၂၃၆)၊ (3C)၊ ဒုတိယထပ်၊ ရတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း-၅၀၃၉၈၄၊ ၀၉-၂၅၈၈၁၄၉၃၅၊ ၀၉-၇၃၁၄၀၃၂၆**

**မူးယစ်ဆိုက ဆန့်ကျင်ကြ**

## ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| Head Waiter | ၄ဦး | အမျိုးသား |
| Waiter | ၄ဦး | အမျိုးသား |
| Waitress (အသက်၃၀မှ၅၀) | ၄ဦး | အမျိုးသမီး |

ပုဂံညောင်ဦးမြို့နှင့်မန္တလေးမြို့စားသောက်ဆိုင်တို့တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။
လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
မျှော်မှန်းလစာပေးမည်။ နေထိုင်အစားအသောက်စရိတ်ငြိမ်း။
လိုအပ်သောစာရွက်စာတမ်းနှင့်အတူ လူကိုယ်တိုင်လျှောက်ထားနိုင်ပါသည်။

**BBB.EUROPEAN RESTAURANT**
**No.292, 76**လမ်း၊ **26x27**ကြား၊
မန္တလေးမြို့။
**Ph: 02-73525, 22935,**
**09-444019998**

## ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၄/၃၇)နေ ဦးအောင်သန်း၊၇/ပမန(နိုင်)၀၀၄၂၃၅၊၏ ၁၈-၆-၂၀၁၅ရက် ကြေးမုံသတင်းစာတွင် ကြေညာခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ မမှန်ကန်ကြောင်း ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မသီတာအေးနှင့် မောင်ရဲဝင်းထွန်းတို့၏ ဖခင်ဖြစ်သူ ဦးအောင်သန်းနှင့် မသီတာအေးတို့၏မိခင် ဒေါ်သိန်းသိန်းဝင်းသည် အကြင်လင်မယားဖြစ်ခဲ့ကြသော်လည်း ဦးအောင်သန်းသည် ဒေါ်သိန်းသိန်းဝင်းနှင့် သားသမီးများဖြစ်ကြသော မသီတာအေး၊ မောင်ရဲဝင်းထွန်းတို့ကိုထားခဲ့ပြီး ၁၉၉၅ခုနှစ်တွင် ကလေးမြို့သို့ ပြောင်းသွားခဲ့ရာမှ ဇနီးနှင့်သားသမီးများကို (၁၁)နှစ်တိုင်ထောက်ပံ့ပေးကမ်းခြင်းမရှိဘဲ အဆက်အသွယ်ဖြတ်ခဲ့ကြောင်း၊ ၂၀၀၆ခုနှစ်တွင် ပြန်လာပြီး ဖားအံမြို့ ဖားအောက်တောရဘုန်းတော်ကြီးကျောင်းတွင် ၂၀-၃-၂၀၁၄ရက်၌ ရဟန်းဘဝသို့ အပြီးတိုင်ကူးပြောင်းခဲ့ကြောင်း သိရှိရပါသည်။ ဦးအောင်သန်း၏ဇနီး ဒေါ်သိန်းသိန်းဝင်းသည် အဆုတ်ကင်ဆာရောဂါဖြင့် ၁၈-၈-၂၀၁၄ရက်တွင် ပင်လုံဆေးရုံသို့တက်ရောက်ကုသခဲ့ရသော်လည်း ဦးအောင်သန်းသည် ဘုန်းကြီးဝတ်နှင့်ဖြစ်ပြီး ရဟန်းဘဝသို့ အပြီးတိုင်ကူးပြောင်းသွားခဲ့ကြောင်းပြောဆိုပြီး လူမှုရေးအရ မေးမြန်းဖော်ပင်မရှိခဲ့ကြောင်း၊ သားဖြစ်သူ မောင်ရဲဝင်းထွန်းသည် ၃၀-၅-၂၀၁၄ရက်တွင် ဆိုင်ကယ်မှောက်၍ ဆေးရုံတက်ခဲ့ရသော်လည်း မိဘတစ်ဦးအနေဖြင့် ကြည့်ရှုစောင့်ရှောက်ဖော်ပင်မရှိခဲ့ကြောင်း၊ ဒေါ်သိန်းသိန်းဝင်း သေကာနီး(၂)လ အလိုရောက်မှ ဘုန်းကြီးဝတ်ရာမှ ထွက်ခဲ့ကြောင်း၊ ဒေါ်သိန်းသိန်းဝင်းသည် ၁၄-၁-၂၀၁၅ရက်တွင် သေဆုံးခဲ့ကြောင်း၊ ဦးအောင်သန်းနှင့်ဒေါ်သိန်းသိန်းဝင်းတို့ ပေါင်းသင်းစဉ်က လက်ရှိဦးအောင်သန်းနေထိုင်လျက်ရှိသော ပေါက်ကုန်း ရပ်ကွက်၊ အပိုင်(၄)၊ ဂျိုးဖြူလမ်း၊ အမှတ်(၄/၃၇)ဟုခေါ်တွင်သည့် မြေကွက်နှင့်ထိုမြေကွက်ပေါ်ရှိ နှစ်ထပ်အိမ်တစ်လုံးသာ ကျန်ရှိခဲ့ကြောင်း၊ ကျန်မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ကျန်ရှိခဲ့ခြင်းမရှိကြောင်း သိရှိရပါသည်။

ဦးအောင်သန်းသည် ကျွန်ုပ်၏မိတ်ဆွေများ၏ဂုဏ်သိက္ခာကို ပြည်သူများအထင်အမြင်လွဲမှားအောင် ဒေါ်သိန်းသိန်းဝင်း သေဆုံးချိန်က မည်သည့်ပစ္စည်းမှ ကျန်ရှိခဲ့ခြင်းမရှိသည်ကို သိပါလျက် မိမိ၏ သားသမီး၏မျက်နှာကိုပင် ထောက်ထားညှာတာမှုမရှိပါဘဲ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၄)၊ ဝါးကျောင်းလမ်းတွင် ခြံမြေတစ်ကွက်၊ အပိုင်(၅) ဂျိုးဖြူလမ်း၊ အိမ်အမှတ်(၅/၁၈၆)ဟုခေါ်သည့် ခြံမြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် ရွှေထည်လက်ဝတ်လက်စားမျိုးစုံ(၅၀)သား၊ ငွေသားကျပ်သိန်း(၃၀၀)၊ နတ်သံကွင်းရွာ ဟိန်းမြတ်ပွဲရုံတွင် အစုစပ်ထည့်ဝင်ငွေ ကျပ်သိန်း(၁၂၀၀)တို့မှာ ဦးအောင်သန်းနှင့် ဒေါ်သိန်းသိန်းဝင်းတို့၏ လက်ထက်ပွားဟု မမှန်မကန်ဖော်ပြခဲ့ခြင်း၊ မည်သည့်ပစ္စည်းမှကျန်ရှိခဲ့ခြင်းမရှိပါဘဲ လောဘဇောဖြင့်ဖော်ပြခဲ့သောကိစ္စများကို ၃၀-၆-၂၀၁၅ ရက် နောက်ဆုံးထား၍ ပြန်လည်ရုပ်သိမ်းရန်နှင့် ပြန်လည်ရုပ်သိမ်းခဲ့ခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေများကို ဂုဏ်သိက္ခာကျအောင် တမင်ရည်ရွယ်၍ မမှန်မကန်လုပ်ကြံဖော်ပြခဲ့ခြင်းတို့အား ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်သီတာ(ဘ)ဦးပေါက်စနှင့် မသီတာအေး(ဘ)ဦးအောင်သန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းဦး(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၇၅)**
**ဈေးလမ်း၊ ဌာနာရပ်ကွက်၊ တောကျွဲအင်းမြို့၊**
**ကျောက်တံခါးမြို့နယ်။**

# သမဝါယမအသင်း(လွိုင်လင်)မှ စိုက်ပျိုးရေးသုံးစက်ပစ္စည်းများ အရစ်ကျရောင်းချ

**လွိုင်လင် ဇွန် ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် အခြေခံစိုက်ပျိုးရေးသမဝါယမအသင်းမှ စိုက်ပျိုးရေးတောင်သူများအား လယ်ယာသုံးစိုက်ပျိုးရေးစက်ပစ္စည်းများ ရောင်းချပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက အဆိုပါသမဝါယမအသင်းရုံး၌ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းသို့ လယ်ယာသုံးစိုက်ပျိုးရေးစက်ပစ္စည်းများကို ရောင်းချပွဲများပြုလုပ်၍ ရောင်းချရခြင်းမှာ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးအတွက် ရည်ရွယ်၍ သမဝါယမအသင်းများမှ စိုက်ပျိုးရေးတောင်သူများကို လယ်ယာသုံးစက် ပစ္စည်းများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

ယင်းရောင်းချပေးပွဲတွင် ထော်လာဂျီ ၁၄ စီး၊ လက်တွန်းထွန်စက် နှစ်စီး၊ မြက်ဖြတ်စက်တစ်လုံးနှင့် အမျိုးသမီးများ အိမ်တွင်းမှုလုပ်ငန်းအတွက် အပ်ချုပ်စက် ၁၁ လုံးတို့ကို တောင်သူ ၃၁ ဦးအား အရစ်ကျစနစ်ဖြင့်ရောင်းချပေးခဲ့ပြီး ရောင်းချမှုတန်ဖိုးမှာ ကျပ် ၄၂၀၆၇၀၀၀ ဖြစ်သည်။

အလားတူ လွိုင်လင်မြို့နယ် အခြေခံသမဝါယမအသင်းစုက လဲချားမြို့နယ် အသင်းသားများကိုလည်း ထော်လာဂျီ နှစ်စီး၊ စက်ကားတစ်စီး တန်ဖိုးငွေ ၂၀၇ သိန်းဖိုး ရောင်းချပေးခဲ့ကြောင်း သိရသည်။

ယင်းရောင်းချပေးသည့်ပွဲသို့ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မင်း၊ မြို့နယ်သမဦးစီးအရာရှိ ဦးဇော်မင်း၊ သမအသင်းစုဥက္ကဋ္ဌ ဦးခင်မောင်ကြည်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စက်ပစ္စည်းဝယ်ယူသည့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**



# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသို့ ထောက်ပံ့ငွေပေးအပ်

**မိုင်းဆတ် ဇွန် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီကကြီးမှူး၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ သက်ကြီး၊ မသန်စွမ်းနှင့် အဖွဲ့ဝင်များ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်နံနက် ၈ နာရီခွဲက မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ နယ်မြေခံအမှတ်(၁၁) တပ်မတော်ဆေးရုံခုတင် ၁၀၀ မှ ပါရဂူ ဗိုလ်ကြီးများနှင့် သူနာပြုများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မှီခိုသူ သား၊ သမီးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

ယင်းနောက် နံနက် ၉ နာရီတွင် အခမ်းအနားကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်အောင်ဇော်အေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးစံသိန်း(ငြိမ်း)က အဖွဲ့၏ လုပ်ငန်း ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဗိုလ်မှူးချုပ်အောင်ဇော်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြတ်ကျော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆေးဝါးများနှင့် အသက် ၇၅ နှစ်အထက် အဖွဲ့ဝင်ကိုးဦးအား တစ်ဦးလျှင်ကျပ် ၆၀၀၀၀၊ မသန်စွမ်းအဖွဲ့ဝင် ငါးဦးအားတစ်ဦးလျှင်ကျပ်၃၀၀၀၀၊ အမှုဆောင်အဖွဲ့ဝင်ကိုးဦးအား တစ်ဦးလျှင်ကျပ် ၄၀၀၀၀၊ အဖွဲ့စိတ်မှူးများနှင့်စာပို့ ၁၁ ဦးအားတစ် ၅ ဦးလျှင်ကျပ် ၃၀၀၀၀ နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၅၅ ဦးအား တစ်ဦးလျှင်ကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးစံသိန်း(ငြိမ်း)၊ ခရိုင်စီမံကိန်းဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်မြင့်တို့က အဖွဲ့ဝင်များ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ ငွေများပေးအပ်ရာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးအား တစ်ဦးလျှင်ကျပ် ၃၀၀၀၀၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ကျောင်းသားနှစ်ဦးအား တစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀၊ အထက်တန်းကျောင်းသား၊ ကျောင်းသူ ၁၇ ဦးအား တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူ ၄၂ ဦးအား တစ်ဦးလျှင်ကျပ်၁၅၀၀၀ နှင့် မူလတန်းကျောင်းသား၊ ကျောင်းသူ ၃၃ ဦးအား တစ်ဦးလျှင်ကျပ် ၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

# စစ်ကိုင်းမြို့၌ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာများ အသိပေးဆွေးနွေး

**စစ်ကိုင်း ဇွန် ၂၉**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အခွန်ဦးစီးဌာနမှ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာများ အသိပေးရှင်းလင်းပွဲကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီခွဲက စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးကျော်ဇေယျက ကောက်ခံလျက်ရှိသော အခွန်ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး စစ်ကိုင်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်ကိုက စားသောက်ဆိုင်များ၌အသုံးပြုသော ငွေရပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ ယင်းနောက် တက်ရောက်လာသည့်လုပ်ငန်းရှင်များက မိမိတို့သိရှိလိုသည့်အခွန်ဆိုင်ရာအကြောင်းအရာများကို ပြန်လည်မေးမြန်းရာ တိုင်း/မြို့နယ်အခွန်ဦးစီးမှူးတို့က ပြန်လည်ဖြည့်စွက်ရှင်းလင်းဖြေကြားပေးခဲ့ပြီး အဆိုပါ အခမ်းအနားသို့ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများနှင့် အခွန်ထမ်းပြည်သူ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့သည်။

**မျိုးဝင်း(စစ်ကိုင်း)**

# ကလေးမြို့တွင် ၂၀၁၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ကလေး ဇွန် ၂၉**

ကလေးမြို့ တောင်ဖီလာရပ်ကွက် ကျန်စစ်သားလမ်းတစ်လျှောက် ဝန်ထမ်းအိမ်ရာအနီးတွင် ၂၀၁၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၇ ရက်နံနက် ၈ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် နယ်မြေမှူးများ စုစုပေါင်းအင်အား ၂၀၀ ကျော်တို့က သစ်ပင်အမျိုးပေါင်း ၁၀ မျိုးမှ အပင်ပေါင်း ၃၀၃ ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ဂျူးနက်**

**AIESEC & MPDC Global Exchange Leadership Development Program Batch(2)**

၁။ ကမ္ဘာတစ်ဝန်းရှိ အရည်အချင်းရှိ လူငယ်များဖြင့် ဖွဲ့စည်းထားသော AIESEC အဖွဲ့အစည်းနှင့် Myanmar Professional Development Center (MPDC)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ လူငယ်များအတွက် ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးကောင်းများ ရရှိနိုင်မည့် Leadership Development Program အမှတ်စဉ်(၂)ကို ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၁ရက်တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။

၂။ သင်တန်းကာလမှာ (၄)လကြာမြင့်မည်ဖြစ်ပြီး နိုင်ငံတကာအတွေ့အကြုံရှိ ဆရာတစ်ဦးမှ အချိန်ပြည့်သင်ကြားပေးမည်ဖြစ်ပါသည်။

၃။ သင်တန်းကာလ ပထမ(၂)လတွင် စာတွေ့/လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး နိုင်ငံတကာ အတွေ့အကြုံရရှိနိုင်စေရန် (၆)ပတ်တာ Internship Program လည်း ပါဝင်မည်ဖြစ်သည်။

၄။ အလုပ်အကိုင်ကောင်းများရရှိစေနိုင်ပြီး အချိန်ကုန်၊ ငွေကုန် သက်သာစွာဖြင့် နိုင်ငံတကာအတွေ့အကြုံများရရှိနိုင်မည့် အခွင့်အရေးကောင်းတစ်ခုဖြစ်ပါသည်။

**MPDC Campus:** အဆောင်(၁၅)၊ မြေညီထပ်၊ မြန်မာအင်ဖိုတက်ခ်၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

**Email:sandra@newklink.com**

ဖုန်း-၀၁-၅၀၇၀၄၃၊ ၅၀၇၀၄၇၊ ၀၉-၇၉၂၂၂၆၇၀၈၊ ၀၉-၇၉၂၂၂၆၇၀၉၊ ၀၉-၇၉၂၂၂၆၇၁၀။

**(၃၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်းလွှာ**

ချစ်ဖေဖေ **ဦးထွန်းဝင်းမြင့်** (ညွှန်ကြားရေးမှူး၊ တိုင်းဦးစီးမှူး၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန) နှင့် ချစ်မေမေ **ဒေါ်အေးအေးမူ** တို့၏ (၃၀-၆-၂၀၁၅) တွင် ကျရောက်သော (၃၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင် ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတုများသို့တိုင် ကျန်းမာအသက်ရှည်၍ ကိုယ်စိတ်နှလုံး သုံးပါးလုံး ငြိမ်းအေးချမ်းမြေ့စွာဖြင့် ချစ်သောမိသားစု တစုတစည်းနှင့် ပျော်ရွှင်စွာနေထိုင်နိုင်ပြီး အမျိုးဘာသာ၊ သာသနာ့အကျိုး၊ နိုင်ငံအကျိုးကို ကောင်းစွာထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားသမီးနှင့်မြေးများ–**

ချစ်သမီး – ဗိုလ်မှူးအောင်မြင့်မြတ်+မကျော့ကျော့မွန် **(AL, Dept. of Med.Img.Tech, University of Medical Technology, Yangon)**

ချစ်သား – မှူး/ဗက ငြိမ်းကျော်ထွန်း+မစိုးမမဇော် **(Budget Manager, Shwe Yin Mar Co.,Ltd.)**

ချစ်မြေးများ – မြတ်မဥ္ဇူထွန်း(ခ)ပုံပုံ၊ သန့်ဝေယံကျော်(ခ)ဖိုးသန့်

**ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)**
**ဝါဆိုသင်္ကန်းကပ်လှူပွဲ**

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကို ရန်ကုန်မြို့၊ အမှတ်-၄၆၈(အေ/စီ ၃)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ အသင်းတိုက်တွင် ၁၂-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သင်္ကန်းတစ်စုံလျှင်(၅၀၀၀ိ/-)ကျပ်ဖြင့် လှူဒါန်းလိုသော အသင်းသူ၊ အသင်းသား မြို့နယ်သူ၊ မြို့နယ်သားများသည် ဥက္ကဋ္ဌ ဦးကျော်ရီ ဖုန်း-၀၉-၄၂၁၀၂၄၃၈၃၊ ဒု-ဥက္ကဋ္ဌ ဦးကျော်သူ ဖုန်း-၀၁-၂၂၃၆၃၃၊ ဒု-ဥက္ကဋ္ဌ ဦးမြင့်ဆွေ ဖုန်း-၀၉-၇၃၁၈၉၉၄၆၊ ဒု-ဥက္ကဋ္ဌ ဦးလှဝင်း ဖုန်း-၀၉-၄၃၀၃၀၈၈၃၊ အတွင်းရေးမှူး ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၀၆၇၆၄၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်း ဖုန်း-၀၉-၅၁၂၀၇၆၄ တို့နှင့် နီးစပ်ရာနယ်မြေအမှုဆောင်များထံတွင် ဆက်သွယ်လှူဒါန်းနိုင် ပါသည်။

**အမှုဆောင်အဖွဲ့**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အထက(၁)ပထမတန်း၌ ပညာသင်ကြားနေသော မသီရိသံစဉ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဖုံ[၈/နမန(နိုင်)၀၀၀၈၀၇] ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်ဖုံ**

**မိဘအမည်မှန်**

ဒိုက်ဦးမြို့နယ်၊ မင်္ဂလွန်းကျေးရွာ အထက(ခွဲ)ပဉ္စမတန်းတွင် ပညာသင်ကြားနေသော မောင်ကျော်မင်းဆန်း၏ မိဘအမည်မှန်မှာ ဦးစန်းယု[၇/ဒဥန(နိုင်)၀၀၃၃၇၅]နှင့်ဒေါ်ငွေမြင့်[၇/ဒဥန(နိုင်)၀၀၃၃၀၆] ဖြစ်ပါကြောင်း။

**ဦးစန်းယု-ဒေါ်ငွေမြင့်**

**ဒလမြေကွက်ရောင်းမည်**

ဒလမြို့၊ ကျန်စစ်သားရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ ဂရန်မြေနှစ်ကွက်တွဲ၊ ဂရန်ပိုင်ရှင်ကိုယ်တိုင် ဦးရာလူကိုရောင်းမည်။

**Ph:09-794990599, 09-254344486**

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ အလက(၃)ဒဂုံမြောက်၊ တတိယတန်း(A)မှ မောင်ခန့်ဇင်သူ၏ ဖခင်အမည်မှန်မှာ ဦးအောင်ထက်ဖြစ်ပါသည်။ **ဦးအောင်ထက်**

လောဘကြီးသော ဗေဒင်ဆရာတစ်ဦး၏ အမှန်အကန်ဖြောင့်ချက်



**ဆန်တစ်ပြည်နဲ့ငွေတစ်မတ်**

ဝင်းဇော် (သစ်တော)

- ဆရာကြီးမင်းသိခ်ဟောခဲ့တဲ့ 2015 ခုနှစ်ကုန် မြန်မာပြည်နိုင်ငံရေး ကံကြမ္မာဗေဒင်ဟောကိန်း အစစ်အမှန်
- တိုင်းပြည်ရဲ့ အနာဂတ်နိုင်ငံရေးအခြေအနေကို လျှာဖြတ်ကြေး လောင်းကြေးထပ်ပြီး ဗေဒင်ဟောကိန်း ထုတ်ဝံ့တဲ့ ဗေဒင်ဆရာ
- လင်ကမချစ်လို့ လင်ပစ်ခံရတဲ့ ဗေဒင်ဆရာမတစ်ဦးရဲ့ အစွမ်းထက်တဲ့လင်ချစ်ဆေး
- နဂါးမလေးတွေလူယောင်ဖန်ဆင်းပြီး နိုင်ငံတကာအလှမယ် ရွေးပွဲတွေမှာ မြန်မာနိုင်ငံကိုယ်စား ဝင်ရောက် ယှဉ်ပြိုင်မယ့် အံ့ဖွယ်သတင်း
- ရတနာဒီပံယတြာဖယောင်းတိုင်ရဲ့အစွမ်းကြောင့် သိန်းပေါင်းများစွာ ချမ်းသာသွားတဲ့ ဗေဒင်ဝိဇ္ဇာဆရာလှကြီးများ အကြောင်း

**ထွက်ပြီ**

မရမ်းတလင်းစာပေ၊ အမှတ် (၁၄) ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း။ ဖုန်း - 01-543297၊ 09 7300 2965

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသ ခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ် ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"ကြည့်စမ်း . . . လှိုင်က လှမ်းကြည့်နေတာ ကြာလှပြီ။ အစ်ကိုမောင်ကြီးက ရုပ်ပြောင်းနေတော့ ရုတ်တရက် လှိုင် ဘယ်မှတ်မိမလဲ "

ကျွန်တော်က သဘောကျစွာ ရယ်မောမိသည်။

"လှိုင်လည်း ရုပ်ပြောင်းနေတာပါပဲ။ ဒါပေမယ့် အစ်ကို မောင်က မှတ်မိပါတယ်။ ဟိုတစ်ခါတုန်းကလို

လှိုင့်ကို အစ်ကိုမောင် လူမမှားပါဘူး . . . "

လှိုင်က သွေ့သွားဖြူဖြူလှလှလေးများ ပေါ်သည့်တိုင် အောင် ကျေနပ်စွာရယ်သည်။

"လူမှားစရာမှ ဒီမှာ မရှိဘဲကိုး . . . ။ ဘယ်လိုလုပ် မှား မလဲ၊ ဟွန်း . . . သိပ်ပိုတဲ့ အစ်ကိုမောင်ကြီး "

လှိုင်က ပြုံးစုစု ပြောသည်။ သို့ရာတွင် ရယ်ရွှင်ပြာဝန်းသော မျက်လုံးများက တလဲ့လဲ့ လွင်နေ၏။

"ဩော် . . . လှိုင်ရယ် အစ်ကိုမောင်က တကယ်ပြောတာ ပါ။ နောက်ကို ဘယ်တော့မှ လူမမှားတော့ဘူးသိလား "

လှိုင်က ရယ်ရင်း မျက်စောင်းလေး မပီ့တပီ ထိုးသည်။

"ကဲပါ . . . နောက်မှပြော၊ လှိုင်လည်း အစ်ကိုမောင့်ကို ရန်တွေ့စရာ အများကြီးရှိသေးတယ်။ အခု ပစ္စည်းတွေ ချရအောင်။ လှိုင် အမ်အက်(စ်) (ဆေးရုံအုပ်ကြီး)ကား ဆွဲလာတယ် "ပြောပြောဆိုဆိုနှင့် လှိုင်သည် သွက်လက်စွာ ရထားတွဲပေါ်သို့ တက်လာခဲ့သည်။ လှိုင်နှင့်အတူ ဆရာဝန် မလေးနှစ်ဦးနှင့် ဆရာဝန်လေးတစ်ဦး ပါလာကြ၏။

ကျွန်တော့်တွင် ပစ္စည်းများများ မပါသဖြင့် တစ်ယောက် တစ်လက် ဆွဲယူနိုင်ကြသည်။ လေးလံသော စာအုပ်သေတ္တာ တစ်လုံးအတွက်သာ အလုပ်သမားနှစ်ဦး ခေါ်ရ၏။

လှိုင်ယူခဲ့သော ကားကြီးမှာ ကောင်ဆယ်(လ်) အမျိုး အစားကားကြီးဖြစ်သည်။

ဆရာဝန်မလေးတစ်ဦးနှင့် ဆရာဝန်လေးမှာ ညားခါစ ဇနီးမောင်နှံဟု သိရသည်။ ပစ္စည်းများ တင်ပြီးသောအခါ သူတို့မောင်နှံနှင့် အခြားဆရာဝန်မလေးက နောက်ခန်း၌ တက်ထိုင်ကြ၏။

လှိုင်က ကားရှေ့ခန်းတံခါးကို ဖွင့်ပေးပြီး " တက်လေ အစ်ကိုမောင် "ဟု ဆိုသည်။

" နေပါဦး ဒရိုင်ဘာက ဘယ်မှာလဲ "

လှိုင်သည် ပြုံး၍ သူ့ကိုယ်သူ ညွှန်ပြပြီး ဖြေသည်။

" ဒရိုင်ဘာက လှိုင်ပေါ့ . . . ။ ဒီမှာ ဆရာကြီး ရွှေညောင် ကနေ တောင်ကြီးအထိ လူတစ်ယောက် သုံးကျပ် ယူတယ်။ ပစ္စည်းက နည်းနည်းများတော့ နှစ်ကျပ်ပိုပေးရမယ်နော် စျေးမဆစ်နဲ့ . . . ။ ကျေနပ်မှလိုက်၊ ဘယ့်နှယ်လဲ "

လှိုင်၏ ပြောဟန်လေးကြောင့် ကျွန်တော်သည် အားရ ပါးရ ရယ်မိသည်။

" လှိုင်ကိုယ်တိုင် မောင်းမလို့လား။ ပေးပါ . . . အစ်ကို မောင် မောင်းပါ့မယ် "

" နိုး . . . နိုး . . . မမောင်းဖူးတဲ့လမ်းမမောင်းရဘူး လေ။ ကဲပါ . . . တက်စမ်းပါ။ လှိုင် တကယ် ကားခမယူပါ ဘူး။ စေတနာယာဉ်ပါရှင် "

ကျွန်တော်သည် ဆက်လက်ရယ်မောပြီး ဘာမျှမပြော တော့ဘဲ ရှေ့ခန်းတွင် ဝင်ထိုင်သောအခါ လှိုင်က ကားကို မောင်းထွက်ခဲ့၏။

မိုးမရွာသော်လည်း တိမ်အုံ့၍ ရာသီမှာ အနည်းငယ် စိမ့်ချမ်းသည်။ ကားသည် ကွေ့ကာပတ်ကာနှင့် တောင်တန်း ကို တက်လာ၏။

ကျွန်တော်သည် သိမ်မွေ့ညင်သာ ကျင်လည်စွာဖြင့် ကားမောင်းသူ လှိုင့်အား ကြည့်မိသည်။

အပြာရင့်ရောင်ပွင့်ရိုက် စိမ်းပြာနုအသွေး ပိုးပျော့ထဘီ၊ အင်္ကျီဖြူ၊ အင်္ကျီဖြူပေါ်၌ မီးခိုးရောင်ဖျော့ဖျော့ရင်ခွဲဆွယ် တာ လက်တိုလေးကို ဝတ်ထား၏။ ဖြူဝင်းသွယ်ရှင်းသော လည်တိုင်လေးတွင် ရွှေဆွဲကြိုးမျှင်မျှင် တစ်သွယ်ကို ဆင်ထား၏။ အရိုးအဆစ်မထင် လုံးဝန်းပြေပြစ်သော လက်ကလေးတွင် အနက်ရောင်ကြိုးတပ် ရွှေရောင် လက်ပတ်နာရီလေးကို ပတ်ထား၏။

ကျွန်တော်က စကားမပြောဘဲ ငြိမ်လျက်ပါလာသော ကြောင့် တစ်ချက်လှည့်ကြည့်သော လှိုင့်မျက်လုံးများနှင့် ကျွန်တော့်မျက်လုံးများ ခေတ္တဆုံမိကြ၏။

" အစ်ကိုမောင် . . . လှိုင့်ကို ဘာလို့ကြည့်ရတာလဲ "

" ဩော် . . . လှိုင်ရယ် . . . ။ လှိုင်က အပျိုကြီးဖားဖား ဖြစ်ပြီး လှနေလို့ပါ . . . "

" ကြည့်စမ်း . . . အစကတော့ လှိုင်က မလှဘူးပေါ့ ဟုတ်လား "

" ဟောဗျာ . . . အကျကောက်နေပြန်ပြီ။ အစကလည်း လှိုင်လှပါတယ်။ ဒါပေမယ့် ရှမ်းပြည်နယ် ရောက်နေလို့လား မသိဘူး။ လှိုင်က အခု ပိုလှနေတယ်။ အစ်ကိုမောင်က အဲဒါ ပြောတာ . . . " လှိုင်၏ မျက်လုံးပြာလဲ့လဲ့များက စေ့လှန်လျက် ကျွန်တော့်ကို ကြည့်သည်။ ပြုံးရင်း သူရွတ်နေကျစကားကိုပင် ဆိုလိုက်ပါ၏။

" သိပ်ပိုတဲ့ အစ်ကိုမောင်ကြီး . . . "

မှန်ပါ၏။ မောမြေခုံမြင့် ရှုတိုင်းတင့်သော ထင်းရှူးနှင့် ချယ်ရီမြို့တော်သည် ကျွန်တော့်အပေါ် ရောက်စဦးကပင် ဖော်ရွေနှစ်လိုစွာ ခင်မင်မှုဖြင့် ကြိုဆိုခဲ့ပါ၏။

ကျွန်တော် တာဝန်ထမ်းရသော စဝ်စံထွန်းဆေးရုံကြီး သည်ပင် ကျွန်တော့်အတွက် ပျော်ရွှင်ဖွယ်ဌာနကြီးဖြစ်နေခဲ့ ပါ၏။ တည်နေရာက ရှုခင်းတင့်တယ်သာယာသည်။ အဆောက်အအုံက ခေတ်မီခန့်ညားလှပသည်။ပစ္စည်း ကိရိယာက စုံလင်ပြည့်စုံသည်။

ဆရာဝန်မည်သည်မှာ လူ့အသက်အတွက် ခုခံကာကွယ် ရန် သေမင်းနှင့် စစ်ခင်းရသူများ ဖြစ်ပါ၏။

ဤသို့ စစ်ခင်းရာ၌ အဓိကလက်နက်ဖြစ်သော ဆေးဝါး ကိရိယာ တန်ဆာပလာ စုံစုံရသော် ယန္တရားတပ်ကုံကုံ လုံလုံနှင့် ရှေ့တန်း စစ်မျက်နှာသို့ ထွက်ရသော စစ်သည် တော်တစ်ဦးကဲ့သို့ပင် ပျော်ရွှင်စိတ်ချခြင်းနှင့် ပြည့်နေ၏။

နေ့စဉ် ကြုံတွေ့နေရသော လူနာများမှာလည်း ချစ်ဖွယ် ရာ ရိုးသားသူများ ဖြစ်ကြသည်။ အသားတို့မှာဖြူ၍ အသံတို့မှာ ဝဲသည်။ နှလုံးသားအေးသူများ ဖြစ်ကြသဖြင့် အပြုံးတို့က စင်ကြယ်လှ၏။

ပေါင်းသင်းရသည်မှာလည်း ကိုယ့်ဆရာဝန်၊ ဆရာမချင်း သာ များသည်။ ကျွန်တော်တို့ ဆရာဝန်၊ ဆရာမများကား ထူးခြားသော အသက်မွေးဝမ်းကျောင်းပညာ၏ နှောင်ဖွဲ့ မှုကြောင့် အချင်းချင်း စည်းစည်းရုံးရုံးရှိသည်။ အပြန် အလှန် ရိုင်းပင်းကူညီမှုနှင့် ပွင့်လင်းရင်းနှီးသော ဆက်ဆံ ရေးသည်လည်း ရှိကြ၏။

ဆရာဝန်၊ ဆရာမချင်းသာမက အခြားသော အစိုးရအမှု ထမ်းများနှင့် ပေါင်းသင်းဆက်ဆံရသည်မှာလည်း အဆင် ပြေလှပါ၏။ တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏ မြို့တော် ဖြစ်သောကြောင့် အစိုးရဌာနပေါင်းစုံ များလှသည်။ ဌာနပေါင်းစုံ များလင့်ကစား အမှုထမ်း၊ အရာထမ်းအချင်း ချင်း ညီညွတ်သင့်မြတ်၍ တစ်ဦးနှင့်တစ်ဦး အထူးရိုင်းပင်း ကူညီကြသည်။ မြို့ရွာအရေး၊ သာသနာ ဘာသာအရေး တို့ကိုလည်း စုပေါင်းလက်တွဲ လုပ်ဆောင်ရိုးရှိကြ၏။

ကျွန်တော်တို့၏ ဆေးရုံအုပ်ကြီးနှင့် ပြည်သူ့ဆေးရုံကြီး မှ ဆရာဝန်ကြီးတို့က စ,၍ မြင့်မြတ်သောကျင့်ဝတ်ကို စံပြထိန်းသိမ်းကြ၏။ မြို့ကြီးများ၌ ကျွန်တော် တွေ့ဖူးသည် မှာ ဆရာဝန်ကြီးဟုဆိုလျှင် အစိုးရလုပ်ငန်းအပြင် ကိုယ်ပိုင် ဆေးခန်း ဖွင့်လျက် စီးပွားလမ်းရှာတတ်ကြ၏။ တောင်ကြီး မြို့၏ ဆရာဝန်ကြီးများကား . . . ဤအကျင့်ကို လုံးဝရှောင်ရှားကြသည်။ သူတို့ဆေးခန်းကား သူတို့၏ ဆေးရုံကြီးများပင်ဖြစ်သည်။ သူတို့ဝင်ငွေကား အစိုးရက ပေးသော လစာသာဖြစ်ပါ၏။

" ဆရာဝန်တစ်ဦးအနေနဲ့ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန် အောင် ထမ်းရင် နေ့ည နားစရာတောင်မရှိဘူး။ ကိုယ်ပိုင် ဆေးခန်းဖွင့် စီးပွားရှာဖို့ အချိန်ဘယ်လိုလုပ်ရမလဲ "

နှုတ်လည်းချို၍၊ အပြုံးလည်းချိုသော ခရိုင်ဆရာဝန်ကြီး သည် ဤသို့ ကျွန်တော့်ကို ရှင်းပြဖူး၏။

သူ ပြောသည်မှာ လက်တွေ့အမှန်ပင် ဖြစ်လေသည်။ တောင်ကြီးမြို့ရှိ မြို့ပြအရာရှိများ၊ ရဲဘက်အရာရှိများ၊ စစ်ဘက်အရာရှိများ၊ လမ်းပန်းဆက်သွယ်ရေးအရာရှိ များသည် အခါအားလျော်စွာ ပူးပေါင်း၍ တောင်အောက် ကျေးရွာများသို့ ခရီးထွက်ကြ၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ကွန်ဒိုငှားမည်

(၇)မိုင်၊ မောင်ဝိတ်ကွန်ဒို (II)၊ 2400 Sqft ပြင်ဆင်ပြီး၊ ပါရမီလမ်း နှင့် ပြည်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်။

**ဖုန်း-၀၉-၇၉၅၁၈၈၂၈၃၊ ၀၁-၆၈၇၆၃၈**

## ရောင်းရန်/ငှားရန် ရှိသည်

နေ့စဉ် ဝင်ငွေ ၅သောင်းကျော် လိုင်းကားများ

(စီးဒီပတ်-အာဂျေ-ဂတ်စ် ၁၀လုံးအိုးပါ)

**ဆက်သွယ်ရန် ဖုန်း-၀၉-၉၇၆၂၉၆၈၅၉၊ ၀၉-၉၇၁၂၄၅၂၅၀**




## အရောင်းစာရေးဝန်ထမ်းအလိုရှိသည်

1. Sale and Marketing (M/F)- 3 Posts (Experience 1 Year)
2. Sale and Marketing Manager (F) - 1Post (Experience 3 Years)

ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ Computer အသုံးပြုတတ်သူဖြစ်ရမည်။ English စကား အနည်းငယ် ပြောတတ်၊ ဖတ်တတ်ရမည်။ ရန်ကုန်မြို့တွင်း သွားလာတတ်သူဖြစ်ရမည်။ ကော်ဖီ နှင့် ပတ်သက်ပြီး လေ့လာသင်ယူနိုင်စွမ်းရှိရမည်။ Company တိုးတက်မှုအတွက် ကြိုးစားလို စိတ်ရှိရမည်။ အကျင့်စာရိတ္တကောင်းမွန်ပြီး ရုပ်ရည်ပြေပြစ် စကားပြောကောင်းမွန်သူကို ဦးစားပေးမည်။

လစာ - Negotiate+ Transportation Fee+Lunch+Bonus+ Commission

10-7-2015ရက် မတိုင်ခင်ထိ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

**Golden Brown Coffee Company**

Contact - 01-570017, 09260694673, 09- 250800626, 09-250800698
Email - Lucobest @ gbncoffee.com
Address - အမှတ်(6-A)၊ သုစိတာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

# Total Skin Repair

ဝက်ခြံ၊ တင်းတိပ်၊ မဲ့ခြောက်၊ မျက်နှာအမာရွတ်၊ ချိုင့်ခွက်နှင့် အရေးကြောင်းများ ပြုပြင်ရေး Center

- ရန်ကုန်ဆိုင်ခွဲ(၁)။ ။ ဘုရင့်နောင်တာဝါ 2(A) လှည်းတန်း၊ Ph:01-532183, 09-2053186
- ရန်ကုန်ဆိုင်ခွဲ(၂)။ ။ ရွှေအုန်းပင်အိမ်ရာ(၂)၊ ရန်ကင်း၊ ရန်ရှင်းလမ်းမကြီး။ Ph:09-2000926
- ရန်ကုန်ဆိုင်ခွဲ(၃)။ ။ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဝါဝါဝင်းကွန်ဒို၊ မောင်ဝိတ် ကွန်ဒိုနှင့် ကပ်လျက်၊ မင်္ဂလာတောင်ညွန့်။ Ph:01-393097,09-91019264
- ရန်ကုန်ဆိုင်ခွဲ(၄)။ ။ တိုက် 24(B)၊ အခန်း(002)၊ မြေညီထပ်၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်။ Ph:09-798807911, 798807912
- ရန်ကုန်ဆိုင်ခွဲ(၅)။ ။ အမှတ်(11)C၊ မြေညီထပ်၊ ကျောက်ကုန်းလမ်းမ၊ အထက(၂)ကျောင်းဘေး၊ ရန်ကင်းမြို့နယ်။ Ph:09-798734478, 258304048

# ကလေးဝမြို့နယ်ရှိ မစိန်–ဆည်ကြီး ကျေးရွာချင်းဆက် မစိန်ချောင်းကူး ဘေလီတံတား ဆောက်လုပ်ပြီးစီး



**ကလေးဝ ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မစိန်-ဆည်ကြီး ကျေးရွာချင်းဆက် မစိန်ချောင်းကူးတံတားအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စုရန်ပုံငွေမှ ကျပ်သိန်း ၂၅၀၀ အကုန်အကျခံပြီး အရှည်ပေ ၂၆၀၊ အကျယ် ၁၁ ပေရှိ ဘေလီတံတားကို တော်ဝင်လင်းကုမ္ပဏီမှ ဆောက်လုပ်လျက်ရှိရာ ယခုအခါ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မစိန်ဘေလီတံတားသည် မစိန်-ဆယ်ကြီး ကျေးရွာချင်းဆက်လမ်းမပေါ်တွင် တည်ရှိပြီး တံတားဆောက်လုပ်ပြီးစီးခြင်းကြောင့် မစိန်ကျေးရွာကို အဓိကထား၍ ဆက်သွယ်သွားလာနေကြသော ကျေးရွာအုပ်စု ၁၂ အုပ်စုမှ ကျေးရွာပေါင်း ၅၆ ရွာရှိ ကျေးလက်နေ ပြည်သူများအတွက် ဆက်သွယ်သွား လာရေးနှင့် ဒေသထွက်ကုန်စည်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် များစွာလွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း ဒေသခံများကပြောသည်။

အဆိုပါ တံတားဆောက်လုပ်ပြီးစီးမှုကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ခရိုင်လမ်းဦးစီးဌာနမှ ခရိုင်အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထိုက်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများနှင့်အတူ ဇွန် ၂၆ ရက် ညနေပိုင်းတွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

**ဂျိုးနက်**

---

## မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု မိဘမဲ့ကျောင်းသားများအား ထောက်ပံ့

**ဖာပွန် ဇွန် ၂၉**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့၌ ၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုစိန်နှင့်အဖွဲ့ဝင်များက ဇွန် ၂၇ ရက် နံနက် ၈ နာရီ၌ဘုန်းတော်ကြီးသင်ပညာကြားရေးကျောင်းတွင် ပညာသင်ကြားနေသော မိဘမဲ့ကျောင်းသား၊ ကျောင်းသူ ၆၃ ဦးအား စားသောက်ရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ မုန့်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခုတင် ၁၀၀ ဆံ့ ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများကို မုန့်ထုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။ **ဖာပွန်(ပြန်/ဆက်)**

---

## မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ငါန်းဇွန် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်၌ ငါန်းဇွန်-မြို့သာကား လမ်းဘေး ထွန်းသာကျေးရွာအုပ်စုတွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်းဘေးဝဲယာ၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၇ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းဦးစီး၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများ၊ ကျေးရွာမှဒေသခံပြည်သူများပူးပေါင်း၍ မြို့နယ်သစ်တောဦးစီးဌာနမှဖြန့်ဝေပေးသော ပျိုးပင် ၅၀၀ ကို စိုက်ပျိုးကာ ရေလောင်းပေးခဲ့ကြကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

---

## ရေစကြို၌ စိုက်ပျိုးစရိတ်ချေးငွေ သိန်း၁၂၀၀ ကျော် ထုတ်ချေးပြီး

**ရေစကြို ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးသီးနှံစိုက် တောင်သူများအတွက် စိုက်ပျိုးစရိတ်ကို မေ ၂၈ ရက်မှစတင်ကာ ချေးငွေများကို စတင်ထုတ်ချေးပေးလျက်ရှိရာ စတင်ထုတ်ချေးသည့်နေ့မှ ဇွန် ၂၆ ရက်အထိ ကျပ် ၁၂၀၆၂၀၀၀၀ အား မြို့နယ်လယ်ယာဖွံ့ရေးဘဏ်မှ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရေစကြိုမြို့နယ် ကျေးရွာအုပ်စုခုနစ်အုပ်စုတွင် မိုးသီးနှံစိုက်တောင်သူ ၅၈၃ ဦးရှိပြီး မိုးစပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်း၊ အခြားသီးနှံတစ်ဧကအတွက် နှစ်သောင်းကျပ်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ ယင်းဒေသတွင် မိုးစပါးစိုက်ဧက ၉၄၇ ဧက၊ အခြားသီးနှံ ၁၂၉၆ ဧကရှိကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

---

## ကန့်ဘလူမြို့ကို ခရိုင်မြို့အဆင့်တိုးမြှင့်ပေးရေး ပြည်သူလူထုမှ ဆန္ဒဖော်ထုတ်

**ကသာ ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးရွှေဘိုခရိုင် ကန့်ဘလူမြို့ကို ခရိုင်မြို့အဖြစ် သတ်မှတ်ထားခဲ့သော်လည်း ယနေ့အထိခရိုင်မြို့အဖြစ် အတည်ပြုသတ်မှတ်ပေးခြင်း မရှိသေးသောကြောင့် ကန့်ဘလူမြို့၊ ကျွန်းလှမြို့၊ ဒီပဲယင်းမြို့ရှိ ပြည်သူလူထုအင်အားသုံးသောင်းခန့်က ဇွန် ၂၇ ရက်က ကန့်ဘလူမြို့ကို ခရိုင်မြို့အဆင့်တိုးမြှင့်ပေးရေး ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

ယင်းနေ့ နံနက် ၈ နာရီမှစတင်ပြီး ဘုရားကြီးဈေးတန်းကွင်းတွင် လူစုကာ မြို့မဈေးကြီးတစ်လျှောက် ချီတက်လှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ နံနက် ၉ နာရီခွဲတွင် ဆန္ဒဖော်ထုတ်သူများသည် စုရပ်ဘုရားကြီးဈေးတန်းကွင်းသို့ ပြန်ရောက်ရှိကြပြီး ဆန္ဒဖော်ထုတ်ပွဲပြီးဆုံးခဲ့သည်။

ယင်းဆန္ဒဖော်ထုတ်ပွဲကို မြို့နယ်ရဲမှူးထံ တရားဝင်လျှောက်ထားကာ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ကန့်ဘလူမြို့ခံတစ်ဦးက ပြောသည်။

**ဟိန်းမင်းနိုင်(ကသာ)**

**အမြန်ရောင်းမည် Ph:09-5036664,09-448006266,09-425016126**

| | | | |
|---|---|---|---|
| ၁။ | တ/ဥ၊မင်းခေါင်၂လမ်း | (20'x60')မြေကွက် | 1850 သိန်း |
| ၂။ | တ/ဥ၊ မေတ္တာလမ်းမ | (18' x 60' ) 2BN | 2850 သိန်း |
| ၃။ | မရမ်းကုန်းဘုရင့်နောင်ပွဲရုံတန်း | (20' x 60') 3RC (သစ်) | 2950 သိန်း |
| ၄။ | ပန်းဘဲတန်း၊ ၃၂လမ်း Condo | (18'x50') Lift, Hall, RC | 1350 သိန်း |
| ၅။ | စမ်းချောင်းသံတံတားလမ်း | (13' x 50') မြေညီ၊ Hall, ကြွေခင်း | 980 သိန်း |
| ၆။ | စမ်းချောင်း၊ ဝမ္မနီးပွင့်အနီး | (10' x 30') မြေညီ၊ Hall,လုဝ်ငန်းကောင်း | 680 သိန်း |

မျိုးမြတ်သူ A/C Express
ပော်လမြိုင်ဘုရားစုံ စက်စဲကမ်းခြေ
3 July 9:00pm ဝင်းစိန်ဆရာတော်ဘုရား
နွားလပို့တောင် ကျိုက်ထီးယိုဘုရား ငင်းကျိုက်ရေတံခွန်
သောကြာညသွားတနင်္လာနေ့ညပြန် တန်း(ငြိမ်း)27000
09 254058712. 31568500

**အောင်ထူးဆန်းဓါတ်နန်း၏ခင်ပွန်းကြီး(၁၀)ပါးကန်တော့လွှာ**
ကျွန်ုပ်၏ဓါတ်နန်းမှ ခင်ပွန်းကြီး (၁၀)ပါးပူဇော်ပွဲအဖြစ် (၂.၇.၁၅) နေ့နှင့် (၅.၇.၁၅) နေ့တို့တွင် ကံကြမ္မာလာရောက်မေးမြန်းသူပရိတ်သတ်အားလုံးကို ဗေဒင်္ဂဖြင့်ဟောပြော၍ လွန်စွာအစွမ်းထက်မြက်သော ဂန္ဓာရီဝိဇ္ဇာမဟိဒ္ဓိ အစီအမံများဖြင့် အခမဲ့ ကူညီပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဤစာလွှာဖြင့် ခင်ပွန်းကြီး(၁၀)ပါး ကျေးဇူးရှင်အပေါင်းတို့ကို လေးမြတ်စွာပူဇော်ကန်တော့ပါသည်ဘုရား။
နေ့စဉ်ဓါတ်နန်းဖွင့်ချိန် - နံနက်(၁၀း၀၀)မှ ညနေ(၆း၀၀)နာရီအထိ
အမှတ်(၃၈)၊ ၆-လွှာ (ယာ)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၃၁၂၆
**အောင်စည်ဟိဏ်း**
မနောအာရုံ ဂန္ဓာရီဝိဇ္ဇာပညာပါရမီရှင်
Mindreader Through Occult Science

**ဒေါက်တာဇော်ဝင်းသိန်း** (ရွှေတံဆိပ်ဆုရှင်-လန်ဒန်) (ရွှေတံဆိပ်ဆုရှင် - CPA)
Doctor of Business Administration (UK), MBA (USA), CMgr MCMI, FCMA, CGMA, FABE, FCCA, CPA (Aust.)
**ACCA (UK)**
(Global Body for Finance Professionals)
B.Com, CPA အောင်မြင်ပြီးသူများအတွက်
**ACCA (All PAPERS) & Dip IFR**
LCCI အောင်မြင်ပြီးသူများအတွက်
စတင်လေ့လာမည့်သူများ နှင့် ထူးချွန်သူများအတွက်
ပညာသင်ဆုများ ပေးအပ်ချီးမြှင့်မည်။
★ ဘာသာရပ်အားလုံးကို တစ်နေရာထဲတွင်ထိရောက်စွာသင်ယူနိုင်ပါပြီ။
★ ဆရာကိုယ်တိုင်သင်ကြားပေး၍
ACCA Affiliate အများဆုံးမွေးထုတ်ပေးနေသော
Enroll Now! July 5 စမည်။
**ZAW BUSINESS SCHOOL**
☎: 299288, : 0950-13589, : 0950-74974
၅၆၊ရေကျော်လမ်း၊(ရွှေဘုန်းပွင့်စေတီတော်အနီး)၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။

**apple®**
Ginseng Silky Hair Coat
FDA မှ အလုံးကုန် ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021
အဖိုးတန် ဂျင်ဆင်းမြစ်နှင့် ဗီတာမင်အီးတို့၏ အစွမ်းကြောင့် ဆံပင်နီခြင်း၊
ဆံပင်နစ်ခွဖြစ်ခြင်း၊ ဆံသားပျက်စီးခြင်းများကို ပြန်လည်ကောင်းမွန်စေပါသည်။
နေ့စဉ်ပုံမှန် လိမ်းပေးခြင်းဖြင့် ဆံပင်သားကို ပိုးသားကဲ့သို့
နက်မှောင်တောက်ပစေပါသည်။
ရန်ကုန် (ရုံးချုပ်) - အမှတ် (A/၂၉)၊ ဦးဝိစာရလမ်း၊ (၁၄) တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၈၁၃၉၁၊ ၅၈၁၈၈၆၊ ၅၈၁၈၄၄၊ (၀၉) ၈၆ ၁၈၀၈၁၊ ၄၉ ၃၁၆၄၀၈၊ ၀၉ - ၅၀ ၂၀၄၈၉

# (၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ဒေသအလိုက် ကျင်းပ

**ကလေး**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကလေးမြို့ မြို့တော်ခန်းမတွင် ပြုလုပ်ခဲ့သည်။

ကလေးခရိုင်ရဲတပ်ဖွဲ့မှူး၊ ကလေးခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဒုဥက္ကဋ္ဌ ဒုရဲမှူးကြီးတင်ဇော်ထွန်းက မူးယစ်ဆေးဝါးသမိုင်းကြောင်းနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များ ဆွေးနွေးဟောပြောပြီး ကလေးခရိုင်ဥပဒေအရာရှိ ဦးမြင့်စိုးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ အကြောင်းအရာများကိုလည်းကောင်း၊ ကလေးမြို့ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစိန်အေးက မူးယစ်ဆေးဝါးကြောင့်ဖြစ်ပေါ်လာသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ ကလေးတပ်နယ်မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်သူဦးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးဟောပြောခဲ့ကြသည်။

**ဂျိုးနက်**

**မော်လိုက်**

(၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် မော်လိုက်ခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မော်လိုက်ခရိုင်ရဲတပ်ဖွဲ့မှူးကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်းက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းမှ နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ရဲတပ်ဖွဲ့ဝင်များအနေနှင့် မူးယစ်ဆေးဝါးတားဆီးရေးနှင့် ဖမ်းဆီးအရေးယူခြင်းများကို အထူးအလေးထားဆောင်ရွက်ကြရန်၊ ယခုအခါ မူးယစ်ဆေးဝါးများသည် တခြားနေရာ၊ မြို့များတွင် စာသင်ကျောင်းအနီးရှိ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်များအထိ ထိုးဖောက်နေရာယူလာကြသည့်အပြင် ကလေးသူငယ်များပင် ကော်ရှူခြင်း၊ မူးယစ်ဆေးဝါးကို စမ်းသပ်အသုံးပြုခြင်းအလေ့အထများ ဖြစ်ပေါ်နေသဖြင့် အထူးသတိပြုတားဆီးကာကွယ်သွားကြရန် ထည့်သွင်းပြောကြားခဲ့သည်။

**ကျော်ပွား(မော်လိုက်)**

**ထီးလင်း**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက်နံနက်က ဂန့်ဂေါခရိုင် ထီးလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်သပြေခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်က ဖတ်ကြားခဲ့သည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မြို့နယ်ဥပဒေအရာရှိက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ပြစ်ဒဏ်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက မြန်မာနိုင်ငံသို့ မူးယစ်ဆေးဝါး ရောက်ရှိလာပုံတို့ကို အသီးသီးဟောပြောခဲ့ကြသည်။

**(၄၆၅)**

**ခင်ဦး**

ဇွန် ၂၆ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်အခြေခံပညာဦးစီးဌာန၊ မြို့နယ်ဥပဒေရုံးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာနှင့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်လေးဟန်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်နိုင်က ဆေးဝါးများအန္တရာယ်ကိုလည်းကောင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ကြည်ဆန်းက လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ကိုလည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

**ခင်ဦးစိုးဝေ**

**မတ္တရာ**

၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်သော (၂၈)နှစ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယင်းနေ့ နံနက် ၉ နာရီက မတ္တရာမြို့ အ. ထ. က (၁) အောင်ဆန်းခန်းမတွင်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် မတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တက်ရောက်လာသူများကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး မြေစိုက်နံရံကပ်ဘုတ်တွင် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများပြသခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့ အ. ထ. က (၁) ဦးသြဘာသခန်းမတွင် ဇွန် ၂၆ ရက် နံနက် ၈ နာရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်အမှတ် အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခရိုင်အဆင့် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကွန်ပျူတာပန်းချီ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့် အထက်တန်း၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူများကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသက်ထွန်း၊ ခရိုင်ဥပဒေအရာရှိ ဦးစောနှင်း၊ ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်နှင့် ခရိုင်အဆင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြသည်။

**သန်းဌေး(မင်းဘူး)**

**လှိုင်လင်**

၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်ခဲ့သည့် (၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရာမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို လှိုင်လင်မြို့ ကွန်ပျူတာတက္ကသိုလ်၌ ယင်းနေ့ နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာအား ခရိုင်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဥက္ကဋ္ဌ လှိုင်လင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က ဖတ်ကြားပြီးနောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုများကို ချီးမြှင့်ခဲ့သည်။

**မိုးလွင်ဦး(လှိုင်လင်)**

❒ ❒ ❒

**အများသိစေရန်အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံးလမ်း၊ အိမ်အမှတ်-၂၀ နေ (အဖ)ဦးစောသန်းအောင်၏သားဖြစ်သူ ဦးစောစိုးဟန်[၁၄/ညတန(နိုင်) ၀၉၇၄၆၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

နော်ဖောလာထူး(ဘ)ဦးစောသန်းအောင်သည် ဦးစောစိုးဟန်၏ အစ်မအရင်းတစ်ဦးဖြစ်ပြီး နော်ဖောလာထူးမှ ၎င်း၏ပေးရန်ရှိသော ငွေစာရင်းများနှင့်ပတ်သက်၍ သော်လည်းကောင်း၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍သော်လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောစိုးဟန်အား ပြောရေးဆိုခွင့်၊ ဖြေရှင်းခွင့်၊ ညှိနှိုင်းဆောင်ရွက်ခွင့်၊ ရောင်းချခွင့်နှင့်တကွ ရုံးဌာနဆိုင်ရာအရပ်ရပ်တွင် တင်ပြထုချေခွင့်များအား အပြီးအပိုင်လွှဲအပ်ပြီး ဖြစ်သဖြင့် နော်ဖောလာထူးနှင့် ပတ်သက်သမျှကိစ္စအဝဝအား ကျွန်ုပ်၏မိတ်ဆွေ ဦးစောစိုးဟန်ထံသို့ ယနေ့ ၂၀-၆-၂၀၁၅ ရက်မှစ၍ ဆက်သွယ်စုံစမ်းမေးမြန်းဖြေရှင်းကြရန်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာဝင်း၊ အထက်တန်းရှေ့နေ (စဥ်-၄၁၁၂၃)**
**ဖုန်း-၀၉-၂၅၄၄၂၉၆၆၅၊ ၀၉-၄၂၅၀၁၈၂၇၆**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မြေကွက်အမှတ်(၇၁၈)က+ခ အကျယ်အဝန်းအလျားပေ(၄၀)×အနံပေ(၅၀)ကျယ်ဝန်းသော ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ထားသော ဦးအောင်ငွေ [၇/ရကန(နိုင်)၀၄၀၀၇၀]+၁ ထံမှ ဝယ်ယူရန်အတွက် ဒေါ်တင်ဇာလီဦးသည် ၂၂-၆-၂၀၁၅ ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ပေးချေဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်တင်ဇာလီဦး LL.B (စဥ်-၄၀၅၈၄)၊ အထက်တန်းရှေ့နေ**
**အမှတ်(၂/စ)၊ အောင်ဇေယျမြို့တော်၊ လှိုင်သာယာမြို့နယ်။**
**ဖုန်း-၀၉-၇၃၁၁၀၇၃၆၊ ၀၁-၅၃၉၄၈၆**

**အိမ်ခန်းငှားမည်**

ရန်ကုန်၊ အလုံမြို့နယ်၊ ဌာနာလမ်း၊
မြေညီထပ်-(၆၀'×၁၃')၊ ၂-လွှာ
စုံစမ်းရန်- ၀၁-၃၇၇၇၃၀၁/၀၁-၇၀၈၈၄၇
(မှတ်ချက်။ အိမ်ရှင်ကပွဲခပေးမည်မဟုတ်ပါ)

KMD Education Services

Hot Line: 700895,220555

■ နယ်မှလာတက်မည့်သူများအတွက် နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အဆောင်များ စီစဉ်ပေးထားပါသည်။

■ သင်တန်းကြေးကိုအရစ်ကျငွေပေးချေမှုစနစ်ဖြင့် ပေးသွင်းတက်ရောက်နိုင်ပါသည်။

၂၀၁၄ – ၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သောကျောင်းသား/သူများအတွက်
KMD မှပေးအပ်ချီးမြှင့်သော ပညာတော်သင်ဆု

First Year Diploma in Computing (NCC, UK)

အခြေခံပညာအထက်တန်းဖြေဆို/အောင်မြင်ပြီးသူများအတွက် (UK)နိုင်ငံ၏ ကွန်ပျူတာဒီပလိုမာနှင့် ဘွဲ့လက်မှတ်များရရှိနိုင်မည့် ပညာတော်သင်ဆုများ -

ဘာသာစုံဂုဏ်ထူးရှင် – ၁၀၀%
၃ ဘာသာဂုဏ်ထူးရှင် – ၄၀%
၅ ဘာသာဂုဏ်ထူးရှင် – ၁၀၀%
၂ ဘာသာဂုဏ်ထူးရှင် – ၂၀%
၄ ဘာသာဂုဏ်ထူးရှင် – ၅၀%
၁ ဘာသာဂုဏ်ထူးရှင် – ၂၀%

တန်းခွဲသစ်များ
13 July 2015 11am to 2:30pm (M-F)
20 July 2015 1:00pm to 4:00pm (M-F)

Higher National Diploma (SQA, UK)

အင်္ဂလန်နိုင်ငံမှ တိုက်ရိုက်ပေးအပ်သောအဆင့်မြင့်ဒီပလိုမာသင်တန်းကို HND Star Award (ကျောင်းသား/သူများ၏ အရည်အသွေးကို မြှင့်တင်ပေးသော အကောင်းဆုံး စင်တာဆု)ရရှိထားသော KMD Computer Centre တွင်တက်ရောက်နိုင်ပါပြီ။

ပညာတော်သင်ဆု ၅၀%

တန်းခွဲသစ်များ
29 June 2015 11:30am to 3pm (Tue-Fri)
11 July 2015 7am to 1pm (Sat & Sun)

☎ 01- 381035, 391286, 391287, 502233, 534170, 527436, 541328, 546600, 660887 .

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း




မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာအဆင့်
အိမ်ခြံမြေဆိုင်ရာ ထူးချွန်ဆု ASIA PROPERTY AWARDS
မှ ချီးမြှင့်သော BEST CONDO DEVELOPMENT ဆုကို

**DIAMOND INYA PALACE CONDOMINIUM**

**by Mandalay Golden Wing Construction Ltd.**

မှ ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက်
အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

- **ဒေါက်တာစိုင်းစံထွန်း (ဥက္ကဋ္ဌ)**
  Alpine Group
- **ဦးမြဟန် (ဥက္ကဋ္ဌ)**
  Fortune Co.,Ltd.
- **ဦးရွှေကြိုင် (ဥက္ကဋ္ဌ)**
  ဝါဝါဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
- **ဦးရန်ဝင်း (ဥက္ကဋ္ဌ)**
  A1 Construction Co.,Ltd
- **ဦးရန်ဖော် (မန်နေဂျင်းဒါရိုက်တာ)**
  Maha Land Development Co.,Ltd
- **ဦးကြည်စိုး (ဥက္ကဋ္ဌ)**
  KHG Development Co.,Ltd
- **ဦးကျော်ဟိန်း (ဥက္ကဋ္ဌ)**
  Chan Hein Co.,Ltd
- **ဦးအောင်မင်း (ဥက္ကဋ္ဌ)**
  First Top Group Co.,Ltd
- **ဦးအောင်စိုးသာ (ဥက္ကဋ္ဌ)**
  Myanmar ComBiz Group
- **ဦးလှမျိုး (ဥက္ကဋ္ဌ)**
  အောင်မြင်သူကုမ္ပဏီလီမိတက်
- **ဦးသန်းဝင်း (ဥက္ကဋ္ဌ)**
  မန်းမြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
- **ဦးအောင်ဇော်မြင့် (ဥက္ကဋ္ဌ)**
  Bagan Business Group Co.,Ltd

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
## စက္ကူ၊ မင်၊ ဖလင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများ ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် စက္ကူ၊ မင်၊ ဖလင်၊ ပလိပ်၊ ပုံနှိပ်ရေးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Newsprint Paper 30",28 1/4"(48.8gsm) | |
| (ခ) | Woodfree Paper (23½"×33")(A1)(70 gsm)<br>Woodfree Paper (31"×43")(80 gsm) | |
| (ဂ) | Art Card 31" ×43"(260gsm) (210 gsm)<br>A1(210 gsm)(500 Sht/Pkt) | |
| (ဃ) | Others Papers | 1မျိုး |
| (င) | Web Of fset Ink (Black) | 1မျိုး |
| (စ) | Sheetfed offset Ink (Magenta,Cyan) | 2မျိုး |
| (ဆ) | ပုံနှိပ်ရေးပစ္စည်းများ | 37မျိုး |
| (ဇ) | စက်အရန်ပစ္စည်းများ | 135မျိုး |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၅-၆-၂၀၁၅ရက်မှ ၈-၇-၂၀၁၅ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၇-၂၀၁၅ရက်၊ ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

